မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၃၈)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဆားဘီးယားနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယားသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ဆားဘီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီယကို ဇက်ဗ်ကို ဗစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးနှင့် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမအစည်းအဝေးကို ၁၃၇၂ ခုနှစ် တပေါင်းလဆန်း (၃၊ ၄၊ ၅) ရက်၊ ၂၀၁၁ ခုနှစ် မတ် (၇၊ ၈၊ ၉) ရက် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့)တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ၍ ၁၃၇၂ ခုနှစ် တပေါင်းလဆန်း (၆၊ ၇) ရက်၊ မတ် (၁၀၊ ၁၁)ရက် (ကြာသပတေး၊ သောကြာနေ့)တို့တွင် အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။

ပင့်လျှောက်ထား

သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၂ ရက်၊ မတ် ၆ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူရန်လည်းကောင်း၊ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဥ္စမအစည်းအဝေးကို ၁၃၇၂ ခုနှစ် တပေါင်းလဆန်း (၉၊ ၁၀၊ ၁၁) ရက်၊ မတ် (၁၃၊ ၁၄၊ ၁၅) ရက် (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့)တို့တွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၈ ရက်၊ မတ် ၁၂ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေသို့အရောက် ကြွရောက်တော်မူရန်လည်းကောင်း ပင့်လျှောက်ထားပြီးဖြစ်ကြောင်း၊ ပင့်စာများ အချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကျင်းပ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရန် ရွေးချယ်ထားသည့် အဖွဲ့ဝင်(၉)ဦး၏ အမည်စာရင်းနှင့် ယင်းတို့အနက်မှ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏အမည်ကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေသတ်မှတ်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၆၅၉ ဦးရှိသည့်အနက် ၆၅၆ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၅၄ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ပဥ္စမနေ့အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❒

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်)

အပန်းဖြေပြီးဗဟုသုတရှာမှီးပါ ဆာဖာရီဥယျာဉ်(နေပြည်တော်)မှာ

မြန်မာနိုင်ငံသည် သဘာဝတော၊ တောင်၊ ရေ၊ မြေသယံဇာတ ပေါကြွယ်လှပြီး သစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိကာ ဇီဝမျိုးစိတ်ပေါင်း နှစ်သောင်းကျော်ခန့်ရှိသည်။

တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအပါအဝင် သဘာဝနယ်မြေများကို တိုးချဲ့ဖွဲ့စည်းခဲ့ရာ ယခုအခါ စုစုပေါင်း ၄၃ ခု ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်သည်။ ကမ္ဘာပေါ်၌ အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေအဖြစ် ဟူးကောင်းချိုင့်ဝှမ်း ဘေးမဲ့တောကြီးကို ထူထောင်ဖွဲ့စည်းနိုင်ခဲ့သည်။ သာယာလှပသည့် ရေ၊ မြေ၊ တော၊ တောင်သဘာဝနှင့် ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ ရှားပါးဂေဟစနစ်များကြောင့် မြန်မာနိုင်ငံ၏ဘေးမဲ့တောနှင့် အမျိုးသားဥယျာဉ်ခြောက်ခုကို အာဆီယံအမွေအနှစ်စာရင်းဝင် ဥယျာဉ်များအဖြစ် အသိအမှတ်ပြုခြင်း ခံခဲ့ရသည်။

ဆာဖာရီဥယျာဉ် (နေပြည်တော်)ကို ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် မြန်မာနိုင်ငံသာမက ကမ္ဘာ့နိုင်ငံအချို့ရှိ တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလျောက် နေထိုင်ကျက်စားမှုကို တွေ့မြင်ဗဟုသုတ ရရှိစေရန်၊ ကမ္ဘာနှင့် မြန်မာနိုင်ငံတို့၌ ရှားပါး၍ မျိုးသုဉ်းရန် အန္တရာယ်ရှိနေသော တိရစ္ဆာန်အချို့ကို မျိုးဆက်ပြန့်ပွားနိုင်ရေးအတွက် ထိန်းသိမ်းမွေးမြူသွားရန်နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဂေဟစနစ်သဘောတရားများကို ပြည်သူများအကြား သိရှိနားလည်သဘောပေါက်လာစေရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့ပြီး ဖေဖော်ဝါရီ ၁၂ ရက်က ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ဆာဖာရီဥယျာဉ်(နေပြည်တော်)သည် အကျယ်အဝန်းစုစုပေါင်း ၂၉၁ ဒသမ ၅၂ ဧကရှိသည်။ အာရှ၊ ဩစတြေးလျနှင့် အာဖရိက ဆာဖာရီပြကွက် သုံးကွက်ခွဲခြားပြီး တိရစ္ဆာန်အမျိုးပေါင်း ၁၆ မျိုး၊ ကောင်ရေ ၂၀၂ ကောင် ထည့်သွင်းပြသထားသည်။ တိရစ္ဆာန်များကို ပြသရာတွင် သာမန်တိရစ္ဆာန်ဥယျာဉ်များကဲ့သို့ သိုလှောင်အိမ်သွင်းပြသသည့် အနေအထားမဟုတ်ဘဲ တိရစ္ဆာန်များအလိုက် နှစ်သက်သည့် ပတ်ဝန်းကျင်အနေအထားများအတိုင်း ဖန်တီးတည်ဆောက်ထားသည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)ကို အများပြည်သူတို့ သွားလာမှုလွယ်ကူပြီး တစ်နေရာတည်းတွင် ဗဟုသုတမျိုးစုံ ရှာမှီးနိုင်ရေးနှင့် အပန်းဖြေအနားယူနိုင်ရေးအတွက် ရန်ကုန်-မန္တလေးလမ်းမကြီး နံဘေးကပ်လျက်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် တိရစ္ဆာန်များကို သဘာဝအတိုင်း တွေ့မြင်ရမည်ဖြစ်ရာ ပြည်သူများအပန်းဖြေအနားယူရာ၊ လေ့လာဗဟုသုတရှာမှီးရာ နေရာကောင်းတစ်ခုအဖြစ် သွားရောက်လေ့လာသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

နောင်ချိုမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲကျင်းပ

နောင်ချို ဖေဖော်ဝါရီ ၁၄

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးခဲ့သည့် သော်ကလမ်း (မြို့ပြ) ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** အဆိုပါလမ်းမှာ အရှည်ပေ ၁၇၅၀၊ အကျယ် ၁၂ ပေ၊ ဒု သုံးလက်မရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး အဖွဲ့ ရန်ပုံငွေကျပ် ၁၄၅၉၀၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်သူ့သဘောထား

✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်-ပြင်ဦးလွင်(ရေငယ်)ကားလမ်း တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက မတ္တရာမြို့နယ် မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ်(၂၄)၌ လမ်းခင်းနေမှုနှင့် တံငါရွာတံတား၌ တံငါချောင်းရေစီးဆင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၀ ရက်က မိုးကုတ်မြို့နယ် မိုးကုတ်-ပြင်ဦးလွင်(ရေငယ်) လမ်းပိုင်း၌ လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မိုးကုတ်မြို့နယ် မိုင်တိုင်အမှတ် (၁၄)အနီးရှိ နမ့်ပန်ချောင်းပေါ်၌ လယ်ကြီးတံတား တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ် (၄၈/၄)နှင့် (၄၈/၅)မိုင်အကြား လမ်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ် (၅၂)အနီး တံတားတည်ဆောက်နေမှုနှင့် လုံခမ်းရွာအနီး၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာအလင်းရောင်စာကြည့်တိုက် လှည်းကူးမြို့နယ်၌ဖွင့်

လှည်းကူး ဖေဖော်ဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် အဝိုင်းကျေးရွာရှိ ပညာအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၁နာရီခွဲက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေမီဇော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ပေးအပ်လှူဒါန်း

အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးတို့က စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ချောင်းဆုံ၌ ဆင့်ပွားသင်တန်းဖွင့်

ချောင်းဆုံ ဖေဖော်ဝါရီ ၁၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးမြင့်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** တာဝန်ရှိသူများက လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးနှင့် စပ်လျဉ်း၍ သင်တန်းပို့ချသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလ ၁၀ ရက်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်မြေစာရင်း)**

ဆုချီးမြှင့်

ကြည့်မြင်တိုင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အမက (၁၅)၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျောင်းခန်းမ၌ကျင်းပရာ တတိယတန်းမှ ဒုတိယဆုရရှိသူ မခိုင်ဝတ်ရည်ဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးချိုက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်ထောင်စုနေ့အခမ်းအနား တမူး၌ ကျင်းပ

တမူး ဖေဖော်ဝါရီ ၁၄

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တမူးမြို့ ပြည်သူ့အားကစားကွင်း၌ ဖေဖော်ဝါရီ ၁၂ရက် နံနက် ၇ နာရီက ကျင်းပရာ အခမ်းအနားသို့ တမူးခရိုင်ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာကို တမူးခရိုင်ဥက္ကဋ္ဌ ဦးညီညီထွေးက ဖတ်ကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

❒ *ရှေ့ဖုံးမှ*

သဘောတူ

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရန် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃)ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး စုစုပေါင်း (၉)ဦး၏ အမည်စာရင်းကို လည်းကောင်း၊ ယင်းတို့အနက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း တင်ပြချက်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃၃ ပါ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် အဆိုပါ (၉)ဦးတို့အား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ ဦးသိန်းစိုးအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

တင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူကတင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်ဦးရေ သတ်မှတ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ဆွေးနွေးနိုင်

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၄ တို့နှင့်အညီ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေကို (၇)ဦး သတ်မှတ်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားကြောင်းနှင့် ယင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဆွေးနွေးရန်ရှိပါက ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်နေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးနိုင်ကြောင်း၊ ဆွေးနွေးမည့် ကိုယ်စားလှယ်များသည် ယနေ့ ညနေပိုင်းတွင် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ပဉ္စမနေ့အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဖေဖော်ဝါရီ ၁၅ ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးရေသတ်မှတ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အစည်းအဝေးတက်ရောက်

ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများ၌ မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ပျမ်းမျှအပူချိန်အောက် ၅ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဖေဖော်ဝါရီ ၁၅ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ထူးခြားသည့် ညအပူချိန်များ

၁၄-၂-၂၀၁၁

ဟားခါးမြို့	-၁	ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၄	ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၄	ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၅	ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၅	ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၅	ဒီဂရီစင်တီဂရိတ်

မြဝတီရုပ်မြင်သံကြား

၁၅-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၁၅ ၅။ ဓမ္မပူဇာတေး
၇:၂၀ ၆။ မျိုးချစ်တပ်မတော်
၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၄ ၃။ နိုင်ငံတော်သီချင်း
၄:၀၅ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၆။ မျိုးချစ်တပ်မတော်
၄:၂၅ ၇။ အင်္ဂလိပ်စာသုတ
၄:၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၉။ ကြိုတင်တားဆီးရန်သူမီး
၅:၀၀ ၁၀။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ခန်းစာ (ဓာတုဗေဒ)
၅:၁၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၁၆)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ သူတို့နှင့်သူတို့အကြိုက်
၆:၃၀ ၁၆။ အောင်မြင်ခြင်းလမ်းမ
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှော်လင့်ခြင်းရောင်ခြည်** (အပိုင်း-၉)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဦးတည်ချက်(၁၂)ရပ်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ဟာသရုပ်စုံ
၂၄။ မွေးမြူသုတ
၂၅။ သီချင်းလက်ဆောင်
၂၆။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မျှဉ်းပြိုင်များ** (အပိုင်း-၇)
၂၈။ **Mini Series**

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းသင်က Going Public and Launching Initial Public Offering ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းသွင်းနိုင်

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲတက်ရောက်ရန်အတွက် ဖေဖော်ဝါရီ ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း အမှတ်(၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

အဆိုပါအစည်းအဝေးများတွင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ လွှတ်တော် ကိုယ်စားလှယ်များ၏ သဘောတူညီချက်များဖြင့် အသီးသီး အတည်ပြုကြေညာခဲ့ကြကြောင်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသား ကိုယ်စားလှယ်အမည်စာရင်းကို သက်ဆိုင်ရာလွှတ်တော်များ၌ မှတ်တမ်းတင်အတည်ပြုခဲ့ကြကြောင်း သိရှိရသည်။

(ခ)ဦးခင်မောင်ဆွေ၊ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် ဒေါ်ခင်ပြုံးရည်၊ လီဆူးတိုင်းရင်းသား ကိုယ်စားလှယ် ဦးအားဆီနှင့် ရဝမ်တိုင်းရင်းသား ကိုယ်စားလှယ် ဦးဂွမ်ရိန်ဒီးတို့၏ အမည်စာရင်းအား ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းရာ ပြည်နယ် လွှတ်တော်က မှတ်တမ်းတင် အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် ကချင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်း အဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၂ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ကယားပြည်နယ်

ကယားပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်

ထို့နောက် ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နား ခဲ့ကြောင်း သိရှိရသည်။

ကရင်ပြည်နယ်

ကရင်ပြည်နယ် လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက အဆိုပြုတင်သွင်းသည့်

အမှတ်(၂)မှ ဦးသံဒိုင်၊ ဖာပွန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောဝင်း ထိန်နှင့် ဘားအံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောကြည်လင်းတို့ဖြစ် ကြသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး အဖြစ် ဆောင်ရွက်ရန်အတွက် ကရင် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ ရယူထားသော ပအိုဝ်း

ပထမအကြိမ် ကယားပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကိုယ်စားလှယ် (၂၄)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့် အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဇော်မင်းဦး၊ တီးတိန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနန်ဇမုန်၊ ဟားခါးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးရမ်မန်း၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ပြည်နယ်မန်နေဂျာ အငြိမ်းစား ဦးဗန်ထောင်း၊ ပလက်ဝ မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ငြိမ်း၊ ကန်ပက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကွီးထန်း၊ တွန်းဇံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျင်လျန်းပေါင်၊ ရှေးဟောင်း သုတေသနဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ်အငြိမ်းစားဒေါက်တာဘမောင် နှင့်မင်းတပ်မြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးနိန်နိုင်းတို့ ဖြစ်ကြသည်။

ထို့နောက် ပထမအကြိမ် ချင်း ပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရ သည်။

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသ ကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင် မြှောက်ခံထားရသူက အဆိုပြုတင်သွင်း

ကလေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိန်ဝင်း၊ ခန္တီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမြင့်ဦး၊ မော်လိုက် မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိန်မောင်း၊ ချောင်းဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသန်းထိုက်၊ ဝက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးတင်ငွေ၊ ချောင်းဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာ မြင့်သိန်း၊ ကသာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးတင်ဝင်းနှင့် ဟုမ္မလင်း မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်ဝင်းတို့ ဖြစ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ချင်းတိုင်းရင်းသား ကိုယ်စားလှယ် ဦးနိုထန်ဘဲလ် (ခ) နိုထန်ကပ်နှင့် ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် ဦးစန်းရွှေတို့၏ အမည်စာရင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းရာ တိုင်းဒေသကြီး လွှတ်တော်က မှတ်တမ်းတင် အတည် ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် စစ်ကိုင်း တိုင်းဒေသကြီး လွှတ်တော်ပုံမှန် အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ ကြောင်း သိရှိရသည်။

တနင်္သာရီတိုင်းဒေသကြီး

တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသ

ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်း အဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်

ကချင်ပြည်နယ် လွှတ်တော်ပုံမှန် အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီး ချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက် လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၅၁)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့် အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးသန်းအောင်၊ မိုးညှင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ ဦးညွှန့်အောင်၊ ချီဖွေမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဘီ ထောဇောင်း၊ အင်ဂျန်းယန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအလေးပါး၊ မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးကမန်းဒူနော်၊ ရွှေကူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်နိုင်၊ မံစီမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းမောင်ရွှေ၊ မြစ်ကြီးနားမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်မောင်ထွန်း နှင့် ဆွမ်ပရာဘွမ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ဘောက်ဂျာတို့ ဖြစ်ကြသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး အဖြစ် ဆောင်ရွက်ရန်အတွက် ကချင် ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ ရယူထားသော ဗမာ တိုင်းရင်းသားကိုယ်စားလှယ် ဦးပါ

ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက် လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၀)ဦးစလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့် အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး တင်စိုး၊ ဒီမောဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးတော့ရယ်၊ ဘောလခဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်လှ၊ ရှားတောမြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဦးရဲဝင်း၊ ဖရူဆိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောဟူးဟူး၊ လွိုင်ကော်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးကိုးရယ်၊ ဖာဆောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းကျော်စိုး၊ ဒီမောဆိုမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးပိုးရယ် (ခ) ပိုးရယ်ရန်အောင်နှင့် မဲ့စဲ့မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်နိုင်ဦး တို့ဖြစ်ကြသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး အဖြစ် ဆောင်ရွက်ရန်အတွက် ကယား ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲထံမှ ရယူထားသော ဗမာ တိုင်းရင်းသားကိုယ်စားလှယ် ဦးစိန်ဦး ၏ အမည်စာရင်းအား ပြည်နယ် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက အဆိုပြုတင်သွင်းရာ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင် အတည်ပြုခဲ့သည်။

ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက် လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၃)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိ သည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်

တိုင်းရင်းသားကိုယ်စားလှယ် ဦးခွန် သန်းမြင့်၊ ဗမာတိုင်းရင်းသား ကိုယ်စားလှယ် ဦးခင်ကြူးနှင့် မွန် တိုင်းရင်းသားကိုယ်စားလှယ် ဦးနိုင် ချစ်ဦးတို့၏ အမည်စာရင်းအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းရာ ပြည်နယ် လွှတ်တော်က မှတ်တမ်းတင်အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် ကရင် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၆

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

(၉)ဦးမှာ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်လွင်၊ မြဝတီမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးချစ်လှိုင်၊ ဘားအံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစောခင်မောင်မြင့်၊ ကော့ကရိတ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမင်းစိုးသိန်း (ခ) ဦးနိုင်မင်း စိုးသိန်း၊ သံတောင်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောခရစ္စ တိုဖာ၊ ကြာအင်းဆိပ်ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစောဆာ လောလ၊ မြဝတီမြို့နယ် မဲဆန္ဒနယ်

မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရ သည်။

ချင်းပြည်နယ်

ချင်းပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီး ချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကတင်ပြရာ တက်ရောက် လာကြသည့် ပြည်နယ်လွှတ်တော်

သည့် တိုင်းဒေသကြီးဝန်ကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တိုင်း ဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသ ကြီး လွှတ်တော် ကိုယ်စားလှယ် (၁၀၁) ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်း ဒေသကြီးလွှတ်တော်က သဘောတူ ကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး ကြည်နိုင်၊

ကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းသည့် တိုင်းဒေသကြီးဝန်ကြီး များအဖြစ် ခန့်အပ်တာဝန်ပေးသင့် သော ပုဂ္ဂိုလ်များ၏ အမည်စာရင်း ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကတင်ပြရာ တက်ရောက်လာကြ သည့် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် (၂၈)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့် အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

15-2 (04).pmd 1 2/15/2011, 2:07 AM

စာမျက်နှာ ၄ မှ

တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဇော်လွင်၊ ထားဝယ်မြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးမြတ်ကို၊ လောင်းလုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဝင်းအောင်၊ ကော့သောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာဝင်းအောင်၊ ထားဝယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသန်းအောင်၊ မြိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာကျော်ဆန်း၊ ပုလောမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝင်းဆွေ၊ ကျွန်းစုမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိန်းလွင်နှင့် ဘုတ်ပြင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ကျော်ကျော်ဦးတို့ ဖြစ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ကရင်တိုင်းရင်းသားကိုယ်စားလှယ် ဦးစောဟာဗီ၏ အမည်စာရင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင် အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် တနင်္သာရီတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၇ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး သက်ထွန်း၊ ပဲခူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးရဲမြင့်ထွန်း၊ သာယာဝတီမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးမြင့်လွင်ဦး၊ တောင်ငူမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါက်တာကျော်ဦး၊ ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်မြင့်၊ မိုးညိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးထွန်းဝေ၊ တောင်ငူမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးတင်စိုး၊ ထန်းတပင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ဋ္ဌေးနှင့် ကျောက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဘေဘီအုန်း တို့ ဖြစ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ကရင်တိုင်းရင်းသားကိုယ်စားလှယ် ဦးစောဂျူဘာလီစိလှ၏ အမည်စာရင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းရာ တိုင်းဒေသကြီး လွှတ်တော်က မှတ်တမ်းတင် အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

တူကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး အန့်ဇော်၊ ဂန့်ဂေါမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမြင့်မောင်၊ ဆောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းဖေ၊

မန္တလေးတိုင်းဒေသကြီး

မန္တလေးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ် ဦးစိုင်းမောင်လှ၏ အမည်စာရင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းရာ တိုင်းဒေသကြီးလွှတ်တော်က မှတ်တမ်းတင် အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

မွန်ပြည်နယ်

မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်

တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းရာ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်

ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၄၇)ဦး စလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်

ချောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနေရှင်း၊ နတ်မောက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်ကျော်မင်း၊ ပွင့်ဖြူမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်နိုင်၊ သရက်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကြည်မင်း၊ ပခုက္ကူမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသိန်းထွန်းနှင့် ရေစကြိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမြင့်နိုင်တို့ ဖြစ်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် မကွေးတိုင်းဒေသကြီး ရွေးကောက်ပွဲ

တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘောတူကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ မြင်းခြံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ဇံ၊ တံတားဦးမြို့နယ် မဲဆန္ဒနယ်အမှတ်

ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၃၁)ဦး စလုံးက ကန့်ကွက်ချက်တစ်စုံတစ်ရာမရှိသည့် အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး ဋ္ဌေးမြင့်အောင်၊ ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာခင်မောင်သွင်၊ မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာတိုးတိုးအောင်၊ မော်လမြိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာလှဦး၊ သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးမျိုးညွန့်၊ ဘီးလင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဝင်းမော်ဦး၊ သထုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးထွန်းလှိုင်၊ ရေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးနိုင်လဝီအောင်နှင့် မုဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါက်တာမင်းနွယ်စိုးတို့ ဖြစ်ကြသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် မွန်ပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ ရယူထားသော ကရင်တိုင်းရင်းသားကိုယ်စားလှယ် ဦးအောင်ကျော်သိန်း၊ ပအိုဝ်းတိုင်းရင်းသား ကိုယ်စားလှယ် ဦးဖေမြ (ခ)ခွန်ဖေမြနှင့် ဗမာတိုင်းရင်းသား ကိုယ်စားလှယ် ဦးသက်ဝင်းတို့၏ အမည်စာရင်းအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်

(၉)ဦးမှာ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး ထိန်လင်း၊ ရမ်းဗြဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ခင်၊ မြောက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်သိန်း၊ ဂွမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုးအေး၊ မောင်တောမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးမြအောင်၊ စစ်တွေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသာလှရွှေ၊ တောင်ကုတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာအောင်ကျော်မင်း၊ ပုဏ္ဏားကျွန်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်သန်းတင်နှင့် သံတွဲမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဟန်တို့ဖြစ်ကြသည်။

ဆက်လက်၍ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး အဖြစ် ဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ် ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲထံမှ ရယူထားသော ချင်းတိုင်းရင်းသားကိုယ်စားလှယ် ဦးကိုကိုနိုင်၏ အမည်စာရင်းအား ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းရာ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင် အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက အဆိုပြုတင်သွင်းသည့် တိုင်းဒေသကြီး

စာမျက်နှာ ၆ ကော်လံ ၁ သို့

ပဲခူးတိုင်းဒေသကြီး

ပဲခူးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းသည့် တိုင်းဒေသကြီးဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၇၆)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း

မကွေးတိုင်းဒေသကြီး

မကွေးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းသည့် တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၆၈)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်က သဘော

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ချင်းတိုင်းရင်းသား ကိုယ်စားလှယ် ဦးဆလိုင်းလှထွန်း၏ အမည်စာရင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက အဆိုပြုတင်သွင်းရာ တိုင်းဒေသကြီး လွှတ်တော်က မှတ်တမ်းတင်အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

(၁)မှ ဦးမြင့်သန်း၊ အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဝင်းလှိုင်၊ အောင်မြေသာစံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖုန်းဇော်ဟန်၊ မြင်းခြံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်ဆန်း၊ ကျောက်ဆည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းစိုးမြင့်၊ ချမ်းမြသာစည်မြို့နယ် မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာ မြင့်ကြူနှင့် မဟာအောင်မြေမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးအောင်မောင်းတို့ဖြစ်ကြသည်။

စာမျက်နှာ ၅ မှ

ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန် ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ ဗဟန်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါက်တာ ညိုညိုသင်းက အမျိုးသမီး ဝန်ကြီး တစ်ဦး ရွေးချယ်ထားခြင်းနှင့်ပတ်သက်၍ ဝမ်းမြောက်ကြိုဆိုကြောင်း၊ ဝန်ကြီး အားလုံးမှာ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီတစ်ခုတည်းမှ ဖြစ်နေကြောင်း ကန့်ကွက်ဆွေးနွေးခဲ့ သည်။ ဆွေးနွေးချက်နှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲတွင် အနိုင်ရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အရေ အတွက်ကိုစိစစ်ပါက ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ (၇၅)ဦး၊ ဒုတိယအများဆုံးဖြစ်သည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ (၈) ဦး ဖြစ်ကြောင်း၊ ၎င်းကိုယ်စားလှယ် အရေ အတွက်ကို အချိုးဖြင့် ကြည့်မည် ဆိုပါက ဒုတိယ အများဆုံးပါတီ ဖြစ်သော တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီက ဝန်ကြီး တစ်ဦး ရသင့်ကြောင်း၊ သို့ဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ခင် အပါ အဝင် လွှတ်တော်ကိုယ်စားလှယ် မဟုတ်သော အငြိမ်းစားသံအမတ်ကြီး ဦးလှမြင့်တို့ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဝန်ကြီးများ အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဦးမြင့် ဆွေက ပြန်လည်ဖြေကြား ရှင်းလင်း ခဲ့သည်။

ကြေညာ

ယင်းနောက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် နည်းဥပဒေ အခန်း(၅) နည်းဥပဒေ ၃၁(ထ)အရ မတ်တတ်ရပ်ဆန္ဒပြု သည့်နည်းလမ်းဖြင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက တင်သွင်းသည့် အမည် စာရင်းနှင့်ပတ်သက်၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူခဲ့ရာ လွှတ်တော် ကိုယ်စားလှယ် (၁၂၃)ဦး အနက် (၁၁၈)ဦးက ထောက်ခံဆန္ဒပြုကြသဖြင့် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက တင်သွင်းသည့် ဝန်ကြီး များအမည်စာရင်းကို တိုင်းဒေသကြီး လွှတ်တော်က သဘောတူကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးတင်ဝင်း၊ အငြိမ်းစားသံအမတ်ကြီး ဦးလှမြင့်၊ ဒဂုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးညဏ်ထွန်းဦး၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုးမင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျော်စိုး၊ ထန်းတပင် မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသန်းမြင့်၊ ကမာရွတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ခင်၊ ရွှေပြည်သာမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဒေါ်စန်းစန်းနွယ်နှင့် သုံးခွ မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာမြင့်သိန်းတို့ ဖြစ်ကြသည်။

မှတ်တမ်းတင်

ဆက်လက်၍ တိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ကရင်တိုင်းရင်းသား ကိုယ်စားလှယ် ဦးစောထွန်းအောင်မြင့်နှင့် ရခိုင် တိုင်းရင်းသားကိုယ်စားလှယ် ဦးဇော် အေးမောင်တို့၏ အမည်စာရင်းအား တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက အဆိုပြုတင်သွင်းရာ တိုင်းဒေသကြီး လွှတ်တော်က မှတ်တမ်းတင်အတည်ပြု ခဲ့သည်။

ထို့နောက် ပထမအကြိမ် ရန်ကုန် တိုင်းဒေသကြီးလွှတ်တော် ပုံမှန် အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၅၃ မိနစ်တွင် ရပ်နားခဲ့ ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေးတွင် ပြည်နယ် ဝန်ကြီး ချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက အဆိုပြုတင်သွင်းသည့် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာ ကြသည့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၁၄၂)ဦး စလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိသည့် အတွက် ပြည်နယ်လွှတ်တော်က သဘောတူကြောင်း ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်သူ၊ တောင်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် (၂)မှ ဦးခွန်သိန်းမောင်၊ ကလော မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးသောင်းရွှေ၊ ကွမ်းလုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာ မျိုးထွန်း၊ တာချီလိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတူးမောင်၊ သိန္နီမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းအိုက်ပေါင်း၊ ကွတ်ခိုင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုင်းဆာလူ၊ သီပေါမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းနော်ခမ်း(ခ) ဦးတင်ထွန်းအောင် နှင့် တောင်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုင်းထွန်းရင်တို့ ဖြစ်ကြသည်။

အဆိုပြုတင်သွင်း

ဆက်လက်၍ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး အဖြစ် ဆောင်ရွက်ရန်အတွက် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲထံမှ ရယူထားသော ကချင် တိုင်းရင်းသားကိုယ်စားလှယ် ဦးဒူဝါး ဇုတ်ဒေါင်၊ ကယန်း (ပဒေါင်) တိုင်းရင်းသားကိုယ်စားလှယ် ဦးလော ရင်း၊ ဗမာတိုင်းရင်းသားကိုယ်စားလှယ် ဦးနိုင်ဝင်း၊ လားဟူတိုင်းရင်းသား ကိုယ်စားလှယ် ဦးရာမွေလရှုန်၊ လီဆူးတိုင်းရင်းသား ကိုယ်စားလှယ် ဦးဗုန်ဆန် (ခ) ဦးယောဝိ၊ အာခါ တိုင်းရင်းသားကိုယ်စားလှယ် ဦးပီတာ သောင်းစိန်နှင့် အင်းသားတိုင်းရင်းသား ကိုယ်စားလှယ် ဦးဝင်းမြင့်တို့၏ အမည် စာရင်းအား ပြည်နယ်ဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက်ခံထား ရသူက အဆိုပြုတင်သွင်းရာ ပြည်နယ် လွှတ်တော်က မှတ်တမ်းတင်အတည်ပြု ခဲ့သည်။

ထို့နောက် ပထမအကြိမ် ရှမ်း ပြည်နယ်လွှတ်တော် ပုံမှန်အစည်း အဝေး တတိယနေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရပ်နားခဲ့ကြောင်း သိရှိ ရသည်။

ဧရာဝတီတိုင်းဒေသကြီး

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသ ကြီး ဝန်ကြီးချုပ်အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက အဆိုပြု တင်သွင်းသည့် တိုင်းဒေသကြီး ဝန်ကြီး များအဖြစ် ခန့်အပ်တာဝန်ပေးသင့် သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက တင်ပြရာ တက်ရောက်လာကြသည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ် (၇၂)ဦးစလုံးက ကန့်ကွက်ချက် တစ်စုံတစ်ရာ မရှိသည့်အတွက် တိုင်း ဒေသကြီးလွှတ်တော်က သဘောတူ ကြောင်း တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက ကြေညာခဲ့သည်။

ခန့်အပ်ပေးသင့်

တိုင်းဒေသကြီး ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ် (၉)ဦးမှာ တပ်မတော်သား လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးကြီး မောင်မောင်ဝင်း၊ ကျုံပျော်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်စိုး၊ မြောင်းမြမြို့နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဝင်းကိုကို၊ ဇလွန်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှခိုင်၊ ဟင်္သာတမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဦးစိုးမြင့်၊ ဘိုကလေး မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစန်းမောင်၊ မအူပင်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးသန်းထွန်း၊ ဝါးခယ်မမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစောမြသိန်း နှင့် လေးမျက်နှာမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျော်ဝင်းနိုင်တို့ ဖြစ်ကြသည်။

အတည်ပြု

ဆက်လက်၍ တိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲထံမှ ရယူထားသော ကရင်တိုင်းရင်းသား ကိုယ်စားလှယ် ဦးမန်းသန်းရွှေနှင့် ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ် ဦးဘကြူးတို့၏ အမည် စာရင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် အဖြစ် ရွေးချယ်တင်မြှောက် ခံထားရ သူက အဆိုပြုတင်သွင်းရာ တိုင်းဒေသ ကြီးလွှတ်တော်က မှတ်တမ်းတင် အတည်ပြုခဲ့သည်။

ထို့နောက် ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရပ်နားခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန် အစည်းအဝေးများ တတိယနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးများအဖြစ် ခန့်အပ် တာဝန် ပေးအပ်ရန် ဆောင်ရွက်ရာ၌လည်း ကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီးအဖြစ် ခန့်အပ် တာဝန်ပေးအပ်ရန် ဆောင်ရွက်ရာ၌ လည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၀ နှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၂၆၂ ပါ ပြဋ္ဌာန်းချက် များနှင့်အညီ စနစ်တကျ ဆောင်ရွက် ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်စာမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

ရန်ကုန်မြို့ရှိ တက္ကသိုလ်များ၏ အင်္ဂလိပ်စာဌာနများမှ သက်ပြည့်အငြိမ်းစား ယူခဲ့ကြသော ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်း များ၏ ကောဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ် များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

လှူဒါန်းနိုင်

အဆိုပါ အာစရိယပူဇော်ပွဲသို့ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုသူများသည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ဖုန်း-၀၁-၅၀၁၅၄၇၊ ဒေါက်တာခင်မာဝေ ဖုန်း-၀၉-၅၅၀၀၉၂၂၊ ဒေါက်တာသီတာအေး ဖုန်း-၀၁-၇၃၀၄၁၇၂၄၊ ကိုအုန်းဝမ် ဖုန်း-၀၁-၇၃၀၀၃၅၂၈၊ မကက်သလင်းသိန်း ဖုန်း-၀၉-၅၀၂၆၄၇၀၊ မအေးမွန်(ခ) Alice ဖုန်း-၀၉-၅၁၁၉၈၅၈၊ ကိုမြတ်သူဝင်း ဖုန်း-၀၁-၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅၊ ကိုအာသာ ဖုန်း-၀၁-၂၀၂၀၄၆၊ ၀၉-၅၀၄၄၂၆၇၊ ကိုထွန်းလင်း ဖုန်း-၀၉-၅၁၃၄၅၂၅၊ ကိုဇော်ဝင်း ဖုန်း-၀၁-၅၂၂၀၇၃၊ ၀၉-၅၁၂၈၈၅၉၊ ကိုအောင်နိုင်မိုး ဖုန်း-၀၁-၅၄၉၆၄၅၊ ၀၉-၅၄၁၄၁၄၄၊ ကိုယဉ်မင်းထွန်း ဖုန်း-၀၉-၄၉၂၅၄၄၀၈၊ ကိုစိုးလွင် ဖုန်း-၀၁-၇၃၀၆၀၄၄၂တို့ထံသို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အမက(၁) သာကေတ၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ဘက်စုံပထမဆုနှင့် ယဉ်ကျေးမှု တတိယဆုရရှိသူ မချစ်စနိုးဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်း ဆားဘီးယားနိုင်ငံသို့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၅

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျရောက်သော ဆားဘီးယား သမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဆားဘီးယား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗွတ်ခ် ရဲရမစ်ချ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပုသိမ်-မုံရွာလမ်းပေါ်ရှိ ၂၅၆စင်းမြောက် သရူးချောင်းတံတား ဖွင့်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၃)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် မကွေးတိုင်းဒေသကြီး စလင်း



မြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ပေ ၂၆၀ အရှည် ဘေလီသံပေါင် တံတားအမျိုးအစား သရူးချောင်းတံတား ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့၊ မင်္ဂလာစည်တော်အကအဖွဲ့၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမော်ရွှေက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တိုင်းဒေသကြီးဥက္ကဋ္ဌတို့သည် တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေနှင့် တာဝန်ရှိသူတို့က သရူးချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဥက္ကဋ္ဌက သရူးချောင်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

သရူးချောင်း တံတားအမျိုးအစားမှာ တစ်လမ်းသွားဘေလီ နှစ်လွှာတစ်ထပ် တံတားအမျိုးအစားဖြစ်ပြီး အောက်ထည်သံကူကွန်ကရစ်၊ အပေါ်ထည်ပိုင်းကို ဘေလီသံပေါင်အဖြစ် တည်ဆောက်ထားကြောင်း၊ စုစုပေါင်း တံတားအရှည် ပေ ၂၆၀ နှင့် ယာဉ်သွားလမ်း အကျယ် ၁၀ ပေရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန်မှာ ၁၈ တန်ဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်သည့် သရူးချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ၁၈၀နှင့်အထက် တံတား ၂၅၆စင်းမြောက်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး အနေဖြင့် ၂၂စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ပိုမိုတိုးတက်

သရူးချောင်းတံတားကို ဖွင့်လှစ်ပေးသည့်အတွက် ပုသိမ်မှ မုံရွာအထိလည်းကောင်း၊ ပုသိမ်-မုံရွာလမ်းမကြီးနှင့် တံတားများကို ဖြတ်သန်းပြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်း မြန်မာပြည်တောင်ဘက်နှင့် မြောက်ဘက် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ဒေသများသို့ ခရီးမိုင်အတိုဆုံးနှင့် ရာသီမရွေး ဆက်သွယ်ကူးသန်းသွားလာနိုင်မည်ဖြစ်ကာ ဤဒေသရှိ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်ရှိ ၂၅၆ စင်းမြောက် သရူးချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၆ရက်က လှိုင်မြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အမက(၂၇)လှိုင်၌ ကျင်းပရာ တတိယတန်းတွင် ထက်မြက်ထူးချွန် ပထမဆု ရရှိသော မခိုင်ဆုဝေအား လက်ထောက်မြို့နယ် ပညာရေးမှူး ဆရာကြီး ဦးစောအောင်မြဝင်း ဆုချီးမြှင့်စဉ်။ (၁၂၈)

ကွင်းဆင်းစစ်ဆေး

မြောင်းမြမြို့နယ် ဦးဘချို လမ်းမကြီး ကတ္တရာထပ်ပိုးလွှာခင်းဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဝင်း ဖေဖော်ဝါရီ ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးလှဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲ ပေါင်းတည်မြို့နယ်၌ ကျင်းပ

ပေါင်းတည် ဖေဖော်ဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် သဲမဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက်ပိုင်းက အဆိုပါကျောင်းခွဲ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလင်းသန့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမောင်မောင်ဌေးက ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အဆိုပါပညာရေး ငွေပဒေသာပင်အတွက် သဲမဲကျေးရွာမှ လှူဒါန်းငွေကျပ် လေးသိန်းကို ကျေးရွာဥက္ကဋ္ဌ ဦးမြဦးက လည်းကောင်း၊ ငွေကျပ်နှစ်သောင်းကို မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်းမန်နေဂျာ ဒေါ်ငွေရီကလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကိုလတ်က လက်ခံယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြား

မင်းဘူးခရိုင်ဥက္ကဋ္ဌ ဦးစိန်မြင့် သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

လပွတ္တာခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်ကြည် သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

သံတွဲခရိုင်ဥက္ကဋ္ဌ ဦးထွန်းဝေ သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)



တောင်ငူခရိုင်ဥက္ကဋ္ဌ ဦးလှမင်းထွဋ် သဝဏ်လွှာဖတ်ကြားစဉ်။ (ခရိုင် ပြန်/ဆက်)

လသာမြို့နယ်ဥက္ကဋ္ဌ ဦးစိုးဝင်း သဝဏ်လွှာဖတ်ကြားစဉ်။ (၁၀၆)

ထန်းတပင်မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုး သဝဏ်လွှာဖတ်ကြားစဉ်။ (၁၈၃)

ပိတ်ဆို့မှုရှင်းတမ်း

ရန်ကြီးအောင်

ယမန်နေ့မှ အဆက်

ပိတ်ဆို့မှုများသည် မြန်မာပြည်သူလူထု အခြေခံလူတန်းစားများကို မည်သို့မည်ပုံ ထိခိုက်စေခဲ့သည်ကို အနောက်နိုင်ငံမှ ပညာရှင်များ၊ လူအများ လေးစားလောက်သည့်ပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ထုတ်ဖော်ခဲ့ပြီးဖြစ်၍ အနောက်ဘက်ကပြောမှ ယုံကြည်နိုင်သောသူများ လက်မခံလိုသည့်တိုင် ငြင်းရခက်နေပေတော့မည်ဟု ထင်မိပါ၏။

ထို့အပြင် မြန်မာနိုင်ငံအတွင်းမှ ကိုယ်တိုင်ခံစားခဲ့ကြရသည့် ကာယကံရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် အသင်းအဖွဲ့တာဝန်ရှိသူများ၏ ပြောကြားချက်ကို သိလိုပါသေးသည်ဟု ဆိုလျှင်လည်း ထုတ်ပြပါဦးမည်။

၂၀၀၉ ခုနှစ် ဩဂုတ်လ (၃၁)ရက် စက်တင်ဘာလ (၆)ရက်သတ္တပတ်ထုတ် The Myanmar Times ဂျာနယ်တွင် သတင်းထောက်ရဲလွင်က Reconsider Sanctions, Say Businesses and workers ဟူသော သတင်းဆောင်းပါးတစ်ပုဒ် ရေးသားဖော်ပြခဲ့ပါသည်။

ယင်းဆောင်းပါး၌ "အနောက်နိုင်ငံများက မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအကြောင်းရင်းခံများဖြင့် ချမှတ်ခဲ့သော ပိတ်ဆို့မှုများသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေခဲ့ပြီး၊ လူ့အဖွဲ့အစည်း၏ အဆင်းရဲဆုံးအလွှာ၌ အလုပ်လက်မဲ့များ တိုးပွားလာအောင် တွန်းအားပေးခဲ့သည်"ဟု အစချီထားသည့် သတင်းထောက်က "ပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းမှ အလုပ်လက်မဲ့ ဖြစ်သွားခဲ့ရသူ မိန်းကလေးများသည် ပြည်တွင်း၌ ညကလပ်နှင့် အရက်ဘားများတွင်လည်းကောင်း၊ နိုင်ငံခြား၌ လုပ်ခအနည်းငယ်ဖြင့် ပင်ပန်းဆင်းရဲစွာလုပ်ရသော အလုပ်ရုံများ၌ လည်းကောင်း မလွှဲမရှောင်သာ လုပ်ကိုင်နေကြရသည်ဟု လေ့လာသူများက ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် အစီရင်ခံခဲ့သည်"ဟု ဆိုသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ၂၀၀၃ခုနှစ် စက်တင်ဘာလတွင် စတင်အလုပ်လက်မဲ့ဖြစ်ခဲ့ပြီး သတင်းရေးသည့် ၂၀၀၉ခုနှစ်တိုင်အောင် ပုံမှန်အလုပ်မရှိဘဲ လမ်းပေါ်၌ ပန်းရောင်းရသည့် မဉမ္မာ(၂၇)နှစ်ဆိုသူ အမျိုးသမီးတစ်ဦးကိုလည်း သတင်းထောက်က တွေ့ဆုံမေးမြန်းထားသည်။ ဧရာဝတီတိုင်းဒေသကြီး ဇာတိဖြစ်ပြီး လှိုင်သာယာရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ လာရောက်လုပ်ကိုင်နေခဲ့သူ မဉမ္မာသည် အမေရိကန်သို့ အထည်များ မတင်ပို့နိုင်တော့ခြင်းကြောင့် စက်ရုံ ပိတ်လိုက်ရပြီးကတည်းက အလုပ်လက်မဲ့ဖြစ်ကာ ဘဝရှင်သန်ရပ်တည်ရေးအတွက် ရရစားစားဘဝဖြင့် နှစ်ပေါင်းများစွာ ရုန်းကန်နေရဆဲဖြစ်၏။

မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးက ၂၀၀၃ခုနှစ် ဇူလိုင်လတွင် စတင်သည့် အမေရိကန်ပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်သားပေါင်း ၈၅၀၀၀ အလုပ်ပြုတ်ကုန်ကြပြီး ယင်းတို့အနက် ၉၅% မှ ၉၈%မှာ အသက်(၁၈)နှစ်မှ (၃၅)နှစ်အကြား အရွယ်ကောင်းအမျိုးသမီးများဖြစ်သည်ဟု မြန်မာတိုင်းမ်ဂျာနယ်ကို ပြောပြခဲ့သည်။

"ပိတ်ဆို့မှုတွေကို လူသားချင်းစာနာမှုအမြင်နဲ့ ပြန်ပြီးသုံးသပ်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ ပိတ်ဆို့မှုတွေဟာ သာမန်ပြည်သူလူထုကို ထိခိုက်စေလို့ပါ"ဟု ဦးမြင့်စိုးက မှတ်ချက်ပြုခဲ့သည်ဆို၏။

ပိတ်ဆို့မှုမတိုင်မီက မြန်မာနိုင်ငံတွင် အထည်ချုပ်စက်ရုံပေါင်း ၃၀၀ ခန့်ရှိခဲ့ရာမှ ပိတ်ဆို့မှုဒဏ်ချက်ကြောင့် ၂၀၀၉ခုနှစ်တွင် စက်ရုံ ၁၂၀ ခန့်သာကျန်ခဲ့ကာ အလုပ်သမ ၈၅၀၀၀ခန့်သာ ရှိခဲ့တော့သည်။

အမေရိကန်ပိတ်ဆို့မှုကြောင့် အထည်ချုပ်လုပ်ငန်းသာမဟုတ် ရေထွက်ပစ္စည်းလုပ်ငန်း၌လည်း ထိခိုက်မှုရှိခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးလှမောင်ရွှေက ပြောကြားခဲ့သည်ဟု အဆိုပါဆောင်းပါး၌ ဖော်ပြထားသည်။ ၁၉၉၈မှ ၂၀၀၃ ခုနှစ်အတွင်း မြန်မာနိုင်ငံသည် အမေရိကန်သို့ ရေထွက်ပစ္စည်း တင်ပို့ရာ၌ စတုတ္ထအများဆုံး အာရှနိုင်ငံဖြစ်ခဲ့ပြီး ပိတ်ဆို့မှုသာမရှိခဲ့ပါက ဒုတိယအများဆုံးတင်ပို့သည့်နိုင်ငံ ဖြစ်လာဖွယ်ရှိကြောင်း ၄င်းက ပြောကြားခဲ့သည်ဟု ဆို၏။

ပိတ်ဆို့မှုများသည် မြန်မာနိုင်ငံမှ သာမန်ပြည်သူလူထုကို ထိခိုက်စေခဲ့ကြောင်း ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ လုပ်ငန်းရှင်များ၏ အခြားပြောကြားချက် များစွာရှိသေးသော်လည်း ယခုတင်ပြလာသည့် လူတန်းစားစုံ၊ အလွှာစုံ၊ နိုင်ငံစုံမှ လူပုဂ္ဂိုလ်များ၏ ပြောကြားထုတ်ဖော်မှုများနှင့်ပင် သိသာနေလောက်ပြီဖြစ်၍ ထိခိုက်မှုကို ဤမျှဖြင့်ပင် ရပ်ထားပါဦးမည်။ ဆက်လက်၍ NLD ၏ စာတမ်း၌ ဤကိစ္စအပေါ် မည်သို့မည်ပုံ စောဒကတက်ထားသည်ကို စောဒနာပြုကာ ဆန်းစစ်သွားပါမည်။

စာတမ်းပါ စောဒကများနှင့်စောဒနာပြုချက်

အဆိုပါစာတမ်း၌ ပိတ်ဆို့မှုကြောင့် ထိခိုက်မှုနှင့် ပတ်သက်၍ စီးပွားရေးပိတ်ဆို့မှုများကို နိုင်ငံ၏ စီးပွားရေးပြဿနာများအတွက် အရေးပါသောအကြောင်းရင်းခံတစ်ရပ်အဖြစ် IMF က မရှုမြင်ပါဟု IMF ကို သက်သေထူသည်။ သို့ရာတွင် IMF က စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်၍ ထိုသို့ အမြင်သဘောထားရှိကြောင်း ထုတ်ဖော်မှုမျိုးကိုလည်း မတွေ့ရပါ။ စီးပွားရေးပိတ်ဆို့မှုသည် မြန်မာနိုင်ငံစီးပွားရေးကို အကန့်အသတ်ဖြင့် ထိခိုက်မှုရှိသည်ဟု ဖော်ပြထားသည်ကိုမူ တွေ့မိပါသည်။ IMF အနေဖြင့် နိုင်ငံရေးအရ အရေးပါ၍ အထိအခိုက်မခံသော ထိုကိစ္စမျိုးကိုလည်း ပြောလေ့မရှိပါ။ အထူးသဖြင့် နိုင်ငံတကာက ပိတ်ဆို့မှုများကို ဆန့်ကျင်နေသည့် ကာလတွင် ပို၍ပင်မဖြစ်နိုင်သကဲ့သို့ IMF ၏ မူလဖွဲ့စည်းပုံသဘောတူညီချက်အရလည်း စီးပွားရေးပိတ်ဆို့မှု၊ ငွေကြေးလွှဲပြောင်းခွင့် ပိတ်ဆို့မှုများကို ဆန့်ကျင်ထားသည်။ [IMF သဘောတူညီချက် ပုဒ်မ(၆) ပုဒ်မခွဲ (၂)နှင့် ပုဒ်မ(၈) ပုဒ်မခွဲ(၂၁)]

ထိုစာတမ်း၌ ပိတ်ဆို့မှုကြောင့် နိုင်ငံတကာဖွံ့ဖြိုးမှု အကူအညီများလျော့နည်းသွားခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေသည်ဟူသော စွပ်စွဲပြောဆိုချက်မှာ မှန်ကန်မှုရှိ/မရှိ စောဒကတက်ထားသည်ကိုလည်း တွေ့ရ၏။ ၄င်းတို့၏ အကြောင်းပြချက်မှာ ၁၉၇၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အကြား ဖွံ့ဖြိုးမှုအကူအညီ ဒေါ်လာ ၃၇၁၂ သန်း ရခဲ့ပြီးဖြစ်ပါလျက် ၁၉၈၇ ဒီဇင်ဘာလကပင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့် ကျဆင်းခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၁၉၈၈ နောက်ပိုင်း တရားဝင်ဖွံ့ဖြိုးမှု အကူအညီများ ရပ်ဆိုင်းသွားခဲ့ခြင်းသည် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးမှု အားနည်းရခြင်းနှင့်မဆိုင်ဟု ဆိုလိုခြင်းဖြစ်သည်။

ဤအချက်မှာ ရုတ်တရက်ကြည့်လျှင် ဟုတ်မှန်သယောင်ထင်ရသော်လည်း သေချာစဉ်းစားလျှင် ယုတ္တိကင်းမဲ့လှ၏။ ၁၉၇၈မှ ၁၉၈၈ အကြား မြန်မာကရရှိခဲ့သော ဖွံ့ဖြိုးမှုအကူအညီမှာ တစ်နှစ်လျှင် ပျမ်းမျှ ဒေါ်လာ ၃၇၁ သန်းသာရှိပြီး လူဦးရေနှင့် စားပါက ပြည်သူတစ်ဦးလျှင် ၁၀ ဒေါ်လာခန့်သာရှိသည်။ အိမ်နီးချင်းနိုင်ငံများမှာ တစ်နှစ်လျှင် ဒေါ်လာ ၂၀ မှ ၄၀ ကျော်ခန့် အထိရကြသည်။ ထိုသို့ ဆင့်ပါးစပ်နှမ်းပက်သလောက်သာ ရခဲ့သော ဖွံ့ဖြိုးမှုအကူအညီဖြင့် ဖွံ့ဖြိုးမှုလုပ်ငန်းကို မည်သို့ ထိရောက်စွာ လုပ်ကိုင်နိုင်ပါအံ့နည်း။

၁၉၈၇ နှစ်ကုန်တွင် မြန်မာနိုင်ငံ၌ စီးပွားရေးအကျပ်အတည်းဖြစ်ခဲ့သည်မှန်ပါ၏။ ထို့ကြောင့်လည်း နိုင်ငံရေးမတည်ငြိမ်မှုအဖြစ်ကူးစက်ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ခဲ့သည်။ အလားတူပင် ကမ္ဘာ့နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၌လည်း စီးပွားရေးအကျပ်အတည်းများ ဖြစ်ခဲ့ဖူးသည်ပင်။ (ဥပမာ) ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့၌ ၁၉၉၇ ခုနှစ်တွင် အကျပ်အတည်းဖြစ်ခဲ့သည်။ ထိုကာလ၌ IMF၊ ကမ္ဘာ့ဘဏ်စသော ငွေကြေးအဖွဲ့အစည်းများက ထောက်ပံ့ငွေ၊ ချေးငွေများဖြင့် ပံ့ပိုးကူညီကြသည်။

မြန်မာနိုင်ငံ၌မူ IMF နှင့် ကမ္ဘာ့ဘဏ်တို့သည် ၁၉၈၇ ခုနှစ်ကပင် မြန်မာကအကြွေးမဆပ်နိုင်၍ စည်းကမ်းနှင့်မညီဟုဆိုကာ ငွေထပ်မံထုတ်ချေးမှုမပြုတော့ဘဲ ရပ်ဆိုင်းထားခဲ့သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဘေးကြီး ကြုံရချိန်၌ပင် တစ်ပြားတစ်ချပ်မျှ ကူညီထောက်ပံ့ချေးငှားမှုမပြုခဲ့ပေ။ (ဟေတီကိုမူ ကြွေးကျန်ရှိသည့်ကြားမှ ဒေါ်လာသန်းရာနှင့်ချီကာ ထပ်မံထုတ်ချေးပေးခဲ့သည်။)

အမေရိကန်နှင့် ဥရောပသမဂ္ဂတို့ကလည်း နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများမှ မြန်မာနိုင်ငံသို့ ငွေထုတ်ပေးခြင်းမပြုစေရန် ၂၀၀၃ နှင့် ၂၀၀၄ ခုနှစ်တို့တွင် တရားဝင်ပိတ်ဆို့ထားခဲ့ရာ မြန်မာနိုင်ငံအတွက် မည်သည့် အဖွဲ့အစည်းထံကမျှ ငွေကြေးလက်ခံရရှိရန် မျှော်လင့်ဖွယ်မရှိတော့ပေ။

ပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံ၌ ထိခိုက်မှုနှင့်ပတ်သက်၍ ကောက်ချက်ဆွဲရသော် အောက်ခြေလူထု၌ပါ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိသည်မှာ မငြင်းနိုင်ပေ။ သို့သော် လူများစုဘဝပျက်၍ ဖရိုဖရဲဖြစ်ရလောက်အောင် အခြေအနေဆိုးမသွားဘဲ နိုင်ငံစီးပွားရေးပြန်ကောင်းလာသည်မှာ ပိတ်ဆို့သူများက သဘောကောင်းလာ၍မဟုတ်ပေ။ အမှန်စင်စစ် တစ်စထက်တစ်စ ပို၍တင်းကျပ်စွာ ပိတ်ဆို့လာခဲ့ခြင်းသာရှိပြီး နာဂစ်မုန်တိုင်း မြန်မာနိုင်ငံတွင် ကျရောက်လုဆဲကာလမှာပင် သိလျက်နှင့် ကိုယ်ချင်းမစာဘဲ မြန်မာအပေါ် ပိတ်ဆို့မှုကို သက်တမ်းတိုးသည့်အမိန့်အား အမေရိကန်သမ္မတက လက်မှတ်ထိုးခဲ့သည်ဖြစ်ရာ ဤသို့ စိတ်စေတနာဆိုးရွားလှသည့် ပိတ်ဆို့မှုကြားမှ နိုင်ငံပြန်ထောင်လာနိုင်သည့်ဖြစ်စဉ်မှာ မြန်မာအစိုးရနှင့် ပြည်သူများ၏ စိတ်ဓာတ်ကြံ့ခိုင် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို တည်ဆောက်နိုင်မှု၊ သဘာဝသယံဇာတများကို အကျိုးရှိစွာအသုံးချနိုင်မှုနှင့် ပတ်ဝန်းကျင်ဒေသတွင်း နိုင်ငံများ၏ နားလည်ချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ။

ချမ်းသာသောနိုင်ငံများက ဖွံ့ဖြိုးမှုအနည်
သည့် ODA ခေါ် တရားဝင် ဖွံ့ဖြိုးမှုအက
နောက်ပိုင်း မရှိသလောက် ရပ်ဆိုင်းသွားခဲ့
ထိုးသကဲ့သို့ ဖြစ်တော့သည်။

**ပြဿနာမှာ ယင်းစာတမ်း၌ "ရေနစ်သူ
ဝါးကူ၍ထိုးသော်လည်း အကုသိုလ် မဖြစ်တော့
မိုးကြိုးပစ်ရာ ထန်းလက်ဖြင့် ကာထားခြင်း
သော် သေလုနီးပါး အားနည်းဖျားနာနေသည့်
ဖြစ်၍ အစာကျွေး ရေတိုက်စရာမလိုတေ
မှန်ကန်သောလုပ်ရပ်အဖြစ် ရှေ့နေလိုက်ပေး**

စင်စစ်၌ လက်ရှိအခြေအနေ၌ပင် မြန်မ
ODA အကူအညီမှာ အိမ်နီးချင်းနိုင်ငံများနှ
အောင် နည်းနေဆဲဖြစ်၏။ ဥပမာ-ဗီယက်နမ်
အတွင်း ဒေါ်လာသန်းရှစ်ထောင်ရမည်ဟု
သော်လည်း လက်တွေ့၌ ဒေါ်လာသန်း
သဘောတူစာချုပ်ချုပ်ရသဖြင့် ညည်းတွားနေ

၂၀၀၈ ခုနှစ်အတွက် စာရင်းဇယားက
ODA ပမာဏတွင် လာအိုက ၄၈ ဒေါ်
၅၁.၆ ဒေါ်လာ၊ ဗီယက်နမ်က ၄၃.၅ ဒေ
၅၀ ဒေါ်လာ ရရှိချိန်တွင် မြန်မာက ၁
ရကြောင်းတွေ့ရ၏။ ဤသည်မှာပင် နာဂစ်
များ ထည့်ပေါင်းထား၍ ထိုမျှရခြင်းဖြစ်
နုတ်ပါက ၃ ဒေါ်လာကျော်သာ ရှိမည်ဖြစ်

ထို့ကြောင့် တစ်နှစ် တစ်ဦးလျှင် ပျမ်း
သည်ဟုတွက်ပါက မြန်မာလူဦးရေ သန်
အကူအညီမှာ တစ်နှစ်လျှင် ဒေါ်လာသန်း
ရသည်ဟု ဆိုနိုင်သည်။ ထိုမျှသောငွေပမ
တစ်နှစ်စာ သဘာဝဓာတ်ငွေ့ ရောင်းရငွေနှ
အကယ်၍ ထိုသို့ရသင့်ရထိုက်သော အကူ
ခုနှစ်မှစ၍ ရခဲ့မည်ဆိုပါက နိုင်ငံဖွံ့ဖြိ
ကျန်းမာရေး၊ ပညာရေးတို့အတွက် မည်မျှ
မည်ဆိုသည်ကို တွက်ဆနိုင်ပေသည်။

**သို့သော် မြန်မာအစိုးရအနေဖြင့် ပိတ်
အကူအညီအထောက်အပံ့ ဖြတ်တောက်မှုမျိုး
အတွက် ကိုယ့်အားကိုယ်ကိုး၍ ရုန်းကန်ခဲ့
ကြိုးပမ်းကာ ရရှိလာသည့် ဝင်ငွေများမှ နိုင်
လိုအပ်နေသော အခြေခံအဆောက်အအုံ၊
အပြင်းအထန် တိုးချဲ့၍ ဖောက်လုပ်ရသည်။
မြှုပ်နှံမှုကြီးမားသော ရေအားလျှပ်စစ် စီမံ
အပြိုင်လိုက် ဆောက်ရသည်။ စက်မှုဖွံ့ဖြိုး
တည်ဆောက်ရသည်။ နိုင်ငံရိက္ခာနှင့် စီးပွား
စိုက်ပျိုးရေးလုပ်ငန်း တိုးတက်လာစေရန်
မြစ်ရေတင်စီမံကိန်းများကိုလည်း အစုအဖွဲ့
ရသည်။ နိုင်ငံကာကွယ်ရေးအတွက်လည်း
တည်ဆောက်ရသည်။ ပညာရေးအတွက်
များ၊ ကျန်းမာရေးအတွက် ဆေးရုံဆေးခန်း
တက္ကသိုလ်များကိုလည်း တစ်နိုင်ငံလုံး
တိုးချဲ့တည်ဆောက်ရသည်။ ဤသို့ မနေမန
သိသာထင်ရှားသော အောင်မြင်မှုများလည်း
အားဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါး
နိုင်သည့် အဓိကနိုင်ငံတစ်ခုဘဝသို့ ရောက်
တင်ပို့မှုတွင်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံ ဖြ
ဖွံ့ဖြိုးသည်နှင့်အမျှ နိုင်ငံ၏လူများစုဖြစ်သေ
များ၏ ဘဝအခြေအနေမှာလည်း ယခင်ကနှ
ခြားနားကာ တိုးတက်လာခဲ့သည်။**

သို့တိုင်အောင် ယင်းစာတမ်း၌ လူထု
ရေးကို အလေးထားဆောင်ရွက်ခြင်း မရှိသဖြ
မှာလည်း မြင့်မားလာခြင်းမရှိဟု ထော
တက်တက်စင်အောင် မှားနေပေသည်။ ယ
၏ ၂၀၁၁ခုနှစ် လူသားဖွံ့ဖြိုးမှုအစီရင်ခံစာ
သည်။ ယင်း UNDP အစီရင်ခံစာ၌ပင်
လူသားဖွံ့ဖြိုးမှုညွှန်းကိန်းမှာ ၂၀၀၅ခုနှစ်မှစ
လာခဲ့သည်ကို တွေ့နိုင်သည်။ ယင်းစာတမ်း၌
နှင့် ကမ္ဘောဒီးယားတို့လောက်ပင် လူသာ
ညွှန်းမှတ်ကိန်းဂဏန်းအရ နိမ့်နေသေးသော်
မြင့်မားမြန်ဆန်သည်ကို နှိုင်းယှဉ်ပြလိုပါသ

ချမ်းသာသောနိုင်ငံများက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ ပေးအပ်သည့် ODA ခေါ် တရားဝင် ဖွံ့ဖြိုးမှုအကူအညီမှာလည်း ၁၉၈၈ နောက်ပိုင်း မရှိသလောက် ရပ်ဆိုင်းသွားခဲ့ရာ ရေနစ်သူကို ဝါးကူ၍ ထိုးသကဲ့သို့ ဖြစ်တော့သည်။

ပြဿနာမှာ ယင်းစာတမ်း၌ "ရေနစ်သူသည် ရေထဲ၌ နစ်ပြီးဖြစ်၍ ဝါးကူ၍ထိုးသော်လည်း အကုသိုလ် မဖြစ်တော့" ဟူသည့် သဘောမျိုးဖြင့် မိုးကြိုးပစ်ရာ ထန်းလက်ဖြင့် ကာထားခြင်းပင်ဖြစ်၏။ တစ်နည်းဆိုသော် သေလုနီးပါး အားနည်းဖျားနာနေသည့် လူမမာအား သေခါနီးပြီဖြစ်၍ အစာကျွေး ရေတိုက်စရာမလိုတော့ဘဲ ပစ်ထားခြင်းသည် မှန်ကန်သောလုပ်ရပ်အဖြစ် ရှေ့နေလိုက်ပေးခြင်းပင် ဖြစ်တော့သည်။

စင်စစ်၌ လက်ရှိအခြေအနေ၌ပင် မြန်မာနိုင်ငံက လက်ခံရရှိသော ODA အကူအညီမှာ အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းစာသော် မယှဉ်သာအောင် နည်းနေဆဲဖြစ်၏။ ဥပမာ-ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်အတွင်း ဒေါ်လာသန်းရှစ်ထောင်ရမည်ဟု ကတိပြုချက်များရရှိထားသော်လည်း လက်တွေ့၌ ဒေါ်လာသန်းလေးထောင်ကျော်ခန့်သာ သဘောတူစာချုပ်ချုပ်ရသဖြင့် ညည်းတွားနေသည်ကို ဖတ်ရှုရသည်။

၂၀၀၈ ခုနှစ်အတွက် စာရင်းဇယားကိုကြည့်ပါက တစ်ဦးကျ ODA ပမာဏတွင် လာအိုက ၄၈ ဒေါ်လာ၊ ကမ္ဘောဒီးယားက ၅၁.၆ ဒေါ်လာ၊ ဗီယက်နမ်က ၄၃.၅ ဒေါ်လာနှင့် သီရိလင်္ကာက ၅၀ ဒေါ်လာ ရရှိချိန်တွင် မြန်မာက ၁၀ ဒေါ်လာကျော်ခန့်သာ ရကြောင်းတွေ့ရ၏။ ဤသည်မှာပင် နာဂစ်ကြောင့်ရသည့် အကူအညီများ ထည့်ပေါင်းထား၍ ထိုမျှရခြင်းဖြစ်ပြီး နာဂစ်အကူအညီကို နုတ်ပါက ၃ ဒေါ်လာကျော်သာ ရှိမည်ဖြစ်၏။

ထို့ကြောင့် တစ်နှစ် တစ်ဦးလျှင် ပျမ်းမျှ ၄၅ဒေါ်လာနှုန်းရသင့်သည်ဟုတွက်ပါက မြန်မာလူဦးရေ သန်း ၅၀အတွက် ODA အကူအညီမှာ တစ်နှစ်လျှင် ဒေါ်လာသန်းပေါင်း ၂၂၅၀ခန့် ဆုံးရှုံးနေရသည်ဟု ဆိုနိုင်သည်။ ထိုမျှသောငွေပမာဏမှာ မြန်မာနိုင်ငံက တစ်နှစ်စာ သဘာဝဓာတ်ငွေ့ ရောင်းရငွေနှင့် ညီမျှသလောက်ရှိပေရာ အကယ်၍ ထိုသို့ရသင့်ရထိုက်သော အကူအညီပမာဏသာ ၁၉၈၈ ခုနှစ်မှစ၍ ရခဲ့မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးရေး၊ အခြေခံလူထု၏ ကျန်းမာရေး၊ ပညာရေးတို့အတွက် မည်မျှအထောက်အကူဖြစ်လိမ့်မည်ဆိုသည်ကို တွက်ဆနိုင်ပေသည်။

သို့သော် မြန်မာအစိုးရအနေဖြင့် ပိတ်ဆို့မှု အမျိုးမျိုးအကြား၊ အကူအညီအထောက်အပံ့ ဖြတ်တောက်မှုမျိုးစုံအကြားမှ နိုင်ငံဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုး၍ ရုန်းကန်ခဲ့ရသည်။ ထိုသို့ ရုန်းကန်ကြိုးပမ်းကာ ရရှိလာသည့် ဝင်ငွေများမှ နိုင်ငံအတွက် အရေးတကြီး လိုအပ်နေသော အခြေခံအဆောက်အအုံ၊ လမ်းတံတားများကိုလည်း အပြင်းအထန် တိုးချဲ့၍ ဖောက်လုပ်ရသည်။ စွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုကြီးမားသော ရေအားလျှပ်စစ် စီမံကိန်းများကို အစုလိုက် အပြုံလိုက် ဆောက်ရသည်။ စက်မှုဖွံ့ဖြိုးရေးအတွက် စက်မှုဇုန်များ တည်ဆောက်ရသည်။ နိုင်ငံရိက္ခာနှင့် စီးပွားရေးအတွက် အဓိကကျသော စိုက်ပျိုးရေးလုပ်ငန်း တိုးတက်လာစေရန် ဆည်မြောင်းတာတမံ၊ မြစ်ရေတင်စီမံကိန်းများကိုလည်း အစုအဖွဲ့ဖြင့် တိုးချဲ့တည်ဆောက်ရသည်။ နိုင်ငံကာကွယ်ရေးအတွက်လည်း ခေတ်မီတပ်မတော်ဖြစ်အောင် တည်ဆောက်ရသည်။ ပညာရေးအတွက် ကျောင်းများ၊ တက္ကသိုလ်များ၊ ကျန်းမာရေးအတွက် ဆေးရုံဆေးခန်းနှင့် ဆေးဘက်ပညာသင် တက္ကသိုလ်များကိုလည်း တစ်နိုင်ငံလုံး အကြားအလပ်မရှိအောင် တိုးချဲ့တည်ဆောက်ရသည်။ ဤသို့ မနေမနား ကြိုးပမ်းမှုများကြောင့် သိသာထင်ရှားသော အောင်မြင်မှုများလည်း ရလာခဲ့သည်။ ဥပမာအားဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးဖူလုံရုံမျှမက ဆန်တင်ပို့နိုင်သည့် အဓိကနိုင်ငံတစ်ခုအဝသို့ ရောက်ရှိလာခဲ့သကဲ့သို့ ပဲမျိုးစုံတင်ပို့မှုတွင်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံ ဖြစ်လာသည်။ စိုက်ပျိုးရေးဖွံ့ဖြိုးသည်နှင့်အမျှ နိုင်ငံ၏လူများစုဖြစ်သော တောင်သူလယ်သမားများ၏ ဘဝအခြေအနေမှာလည်း ယခင်ကနှင့် လုံးဝမတူအောင် ကွဲပြားခြားနားကာ တိုးတက်လာခဲ့သည်။

သို့တိုင်အောင် ယင်းစာတမ်း၌ လူထု၏ပညာရေးနှင့် ကျန်းမာရေးကို အလေးထားဆောင်ရွက်ခြင်း မရှိသဖြင့် လူနေမှုအဆင့်အတန်းမှာလည်း မြင့်မားလာခြင်းမရှိဟု ထောက်ပြဝေဖန်ထားသည်မှာ တက်တက်စင်အောင် မှားနေပေသည်။ ယင်းစာတမ်းက UNDP ၏ ၂၀၁၁ခုနှစ် လူသားဖွံ့ဖြိုးမှုအစီရင်ခံစာကို ကိုးကား ဖော်ပြထားသည်။ ယင်း UNDP အစီရင်ခံစာ၌ပင် မြန်မာနိုင်ငံ၏ HDI ခေါ် လူသားဖွံ့ဖြိုးမှုညွှန်းကိန်းမှာ ၂၀၀၅ခုနှစ်မှစ၍ သိသိသာသာတိုးတက်လာခဲ့သည်ကို တွေ့နိုင်သည်။ ယင်းစာတမ်း၌ မြန်မာနိုင်ငံသည် လာအိုနှင့် ကမ္ဘောဒီးယားတို့လောက်ပင် လူသားဖွံ့ဖြိုးမှုမရှိဟုဆိုထားရာ ညွှန်းမှတ်ကိန်းဂဏန်းအရ နိမ့်နေသေးသော်လည်း တိုးတက်မှုနှုန်းပို၍ မြင့်မားမြန်ဆန်သည်ကို နှိုင်းယှဉ်ပြလိုပါသည်။

မြန်မာအစိုးရအနေဖြင့် ပိတ်ဆို့မှု အမျိုးမျိုးအကြား၊ အကူအညီ အထောက်အပံ့ ဖြတ်တောက်မှုမျိုးစုံအကြားမှ နိုင်ငံဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုး၍ ရုန်းကန်ခဲ့ရသည်။ ထိုသို့ ရုန်းကန်ကြိုးပမ်းကာ ရရှိလာသည့်ဝင်ငွေများမှ နိုင်ငံအတွက် အရေးတကြီး လိုအပ်နေသော အခြေခံအဆောက်အအုံ၊ လမ်းတံတားများကိုလည်း အပြင်းအထန် တိုးချဲ့၍ ဖောက်လုပ်ရသည်။

နိုင်ငံ	HDI ညွှန်းကိန်း					
	၂၀၀၅	၂၀၀၆	၂၀၀၇	၂၀၀၈	၂၀၀၉	၂၀၁၀
မြန်မာ	၀.၄၀၆	၀.၄၁၉	၀.၄၃၂	၀.၄၃၈	၀.၄၄၄	၀.၄၅၁
လာအို	၀.၄၆	၀.၄၆၇	၀.၄၇၅	၀.၄၈၃	၀.၄၉	၀.၄၉၇
ကမ္ဘောဒီးယား	၀.၄၆၆	၀.၄၇၅	၀.၄၈၄	၀.၄၈၉	၀.၄၈၉	၀.၄၉၄

၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အကြား မြန်မာနိုင်ငံ၏ HDI ညွှန်းကိန်းတိုးတက်မှုသည် ၀.၀၄၅ ရှိချိန်၌ လာအိုမှာ ၀.၀၃၇ နှင့် ကမ္ဘောဒီးယားမှာ ၀.၀၂၈ သာ ရှိသည်ကို တွေ့ရ၏။ ဆိုလိုသည်မှာ မြန်မာနိုင်ငံ လူသားဖွံ့ဖြိုးမှုနှုန်းသည် လာအိုထက် ၂၁ % ပိုမို၍ ကမ္ဘောဒီးယားထက် ၆၀ % ပိုမိုမြန်ဆန်စွာ တိုးတက်လာခဲ့ခြင်းပင် ဖြစ်၏။

အဘယ်ကြောင့် ညွှန်းမှတ်ကိန်းဂဏန်းတွင် မြန်မာက နိမ့်ကျနေရသေးသည်ကိုလည်း ရှင်းလိုပါ၏။ စင်စစ်၌ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအချက်များ၌ မြန်မာသည် ထိုနိုင်ငံနှစ်ခုနှင့် များစွာမကွာလှသည့်အပြင် အချို့အရေးပါသောအချက်များ၌ များစွာသာလွန်နေသေးသည်ကိုတွေ့ရ၏။ (ဥပမာ) ပညာရေးနှင့်ပတ်သက်၍ စာတတ်မြောက်မှုနှုန်း၌ မြန်မာသည် ၈၉.၉% ရှိနေချိန်၌ လာအိုမှာ ၇၃% နှင့် ကမ္ဘောဒီးယားမှာ ၇၃.၆% သာရှိ၏ ကျန်းမာရေးနှင့်ပတ်သက်၍ မီးဖွားမိခင်သေနှုန်း၌ မြန်မာသည် မီးဖွားမှု(အရှင်မွေး)တစ်သိန်းတွင် ၃၈၀ ဦးရှိရာ လာအိုမှာ ၆၆၀ ဦးနှင့် ကမ္ဘောဒီးယားမှာ ၅၄၀ ဦး ရှိနေသည်။ သန့်ရှင်းသော အိမ်သာအသုံးပြုနိုင်မှု၌ မြန်မာသည် နိုင်ငံလူဦးရေ၏ ၈၁% သုံးနိုင်ပြီး လာအိုမှာ ၅၃% နှင့် ကမ္ဘောဒီးယားမှာ ၂၉% သာ ရှိသည်ကိုတွေ့ရ၏။

သို့ပါလျက် အဘယ်ကြောင့် HDI ကိန်းဂဏန်းနိမ့်နေရသနည်းဆိုသော်၊ အဓိကအားဖြင့် အချက်နှစ်ချက်ကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း မှန်းဆရ၏။ ပထမအချက်မှာ တစ်ဦးကျအမျိုးသားဝင်ငွေ GNI တွက်ချက်ရာ၌ မြန်မာနိုင်ငံတွင် ငွေကြေးလဲလှယ်နှုန်း အမျိုးမျိုးရှိနေသောကြောင့် တိကျစွာ တွက်ချက်ရန်ခက်ခဲခြင်း၊ စာရင်း၌ မပါဝင်သော အခြားဝင်ငွေများ (ဥပမာ- အခွန်မဆောင်သော ကုန်ပစ္စည်း တင်သွင်း/တင်ပို့မှုနှင့် အခြားလုပ်ငန်းများ) ရှိနေသေးခြင်း စသည့်အကြောင်းများကြောင့် မကြာခင် ပေါ်လာသောကိန်းဂဏန်းများက နည်းနေနိုင်ခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ လူသားလုံခြုံမှုကိစ္စ၌ မြန်မာနိုင်ငံတွင် ရွှေ့ပြောင်းခိုလှုံနေရသူ အရေအတွက်ကို ၁၈၄၀၀၀ခန့်အထိ များပြားစွာဖော်ပြထားပြီး လာအို၌ ၈၆၀၀၊ ကမ္ဘောဒီးယား၌ ၁၇၃၀၀ခန့်သာဖော်ပြထားရာ ကိန်းဂဏန်းချင်းများစွာ ကွာခြားလှသည့်အတွက် ယင်းကိုထည့်သွင်းတွက်ချက်သည့်အခါ အနုတ်လက္ခဏာပြမှု ကြီးမားကာ မြန်မာက ညွှန်းမှတ်နောက်သို့ ရောက်သွားခြင်းဖြစ်၏။ ဤအတွက်ကား မြန်မာနိုင်ငံ၌ နှစ်ပေါင်းများစွာ သက်ဆိုးရှည်လှသော ပြည်တွင်းသောင်းကျန်းမှုနှင့် ဒုက္ခသည်စခန်းကို ဇန်းပြကာ လုပ်ရှားနေကြသူများကိုသာ အပြစ်တင်သင့်ပေသည်။

သို့ဖြစ်ရာ ပိတ်ဆို့မှုကြောင့် မြန်မာနိုင်ငံ၌ ထိခိုက်မှုနှင့်ပတ်သက်၍ ကောက်ချက်ဆွဲရသော် အောက်ခြေ လူထု၌ပါ အတိုင်းအတာတစ်ခုအထိ သက်ရောက်မှုရှိသည်မှာ မငြင်းနိုင်ပေ။ သို့သော် လူများစုဘဝပျက်၍ ဖရိုဖရဲ ဖြစ်ရလောက်အောင် အခြေအနေဆိုးမသွားဘဲ နိုင်ငံစီးပွားရေးပြန်ကောင်းလာသည်မှာ ပိတ်ဆို့သူများက သဘောကောင်းလာ၍မဟုတ်ပေ။ အမှန်စင်စစ် တစ်စထက်တစ်စ ပို၍တင်းကျပ်စွာ ပိတ်ဆို့လာခဲ့ခြင်းသာရှိပြီး နာဂစ်မုန်တိုင်း မြန်မာနိုင်ငံတွင် ကျရောက်လုဆဲကာလမှာပင် သိလျက်နှင့် ကိုယ်ချင်းမစာဘဲ မြန်မာအပေါ်ပိတ်ဆို့မှုကို သက်တမ်းတိုးသည့် အမိန့်အား အမေရိကန် သမ္မတက လက်မှတ်ထိုးခဲ့သည်ဖြစ်ရာ ဤသို့ စိတ်စေတနာဆိုးရွားလှသည့် ပိတ်ဆို့မှုကြားမှ နိုင်ငံ ပြန်ထောင်လာနိုင်သည့်ဖြစ်စဉ်မှာ မြန်မာအစိုးရနှင့်ပြည်သူများ၏ စိတ်ဓာတ်ကြံ့ခိုင်စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကိုတည်ဆောက်နိုင်မှု၊ သဘာဝသယံဇာတများကို အကျိုးရှိစွာ အသုံးချနိုင်မှုနှင့် ပတ်ဝန်းကျင် ဒေသတွင်း နိုင်ငံများ၏ နားလည်ချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဖြစ်သည်ဟုဆိုလျှင် မှားမည်မထင်ပါ။

သို့စင်လျက် ပိတ်ဆို့သူတို့က သဘောကောင်းစွာ ဆင်ဆင်ခြင်ခြင် ရွေးချယ်ပိတ်ဆို့မှုကြောင့် အောက်ခြေလူထုကို စိုးစဉ်းမျှ ထိခိုက်မှုမရှိပါဟု ပရမ်းပတာ မခိုင်လုံလှသော အကြောင်းပြချက်များဖြင့် မြန်မာပြည်သူများနှင့်ကမ္ဘာကို လှည့်စားရန်အားထုတ်နေခြင်းမှာမူ နိုင်ငံနှင့်ပြည်သူတို့အပေါ် မေတ္တာ ကရုဏာ စသော ဗြဟ္မစိုရ်တရားများ မထားရက်လေခြင်းဟုသာ စိတ်မကောင်းစွာ ကောက်ချက်ချရန် ရှိပေတော့သည်။

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့မှုများသည် ပိတ်ဆို့သူတို့၏ရည်ရွယ်ချက်ကို ပေါက်မြောက်အောင်မြင်အောင် မည်မျှလုပ်ဆောင်ပေးနိုင်သည်ဆိုသည့် **"ထိရောက်မှု"** အပိုင်းကိုလည်း ဆက်လက်၍ ဆွေးနွေး တင်ပြသွားပါဦးမည်။

(ဆက်လက်ဖော်ပြပါမည်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **သစ္စာသည်သာအားကိုးရာ** တရားတော် (အောင်စကြာ ဆရာတော်အရှင်စန္ဒသိရီ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၂)
- ၈:၄၀ Emperor Love Concert (Part-1)
- ၉:၁၅ အောင်ငြိမ်းချမ်းဆရာတော်ဘဒ္ဒန္တ အဂ္ဂသာရ၏ဝိဇာတမင်္ဂလာပွဲ
- ၉:၂၀ ပညာအလင်းနှင့်ယုံကြည်မှုတို့ အပ်နှင်းရာ…ပြင်ဦးလွင်စိုးစံမှာ
- ၉:၃၅ Cartoon Show Time (Despicable Me)
- ၁၀:၁၅ Activities in the City **ဆောင်းနှင်းရည်** ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေး ကုမ္ပဏီ မိတ်ဆက်ပွဲ
- ၁၀:၃၅ Celebrity Style (L လွန်းဝါ)
- ၁၁:၀၅ သင်ကြားရေးလမ်းညွှန် (Better Life Education & Career Supporting Centre)
- ၁၁:၃၀ မြင်းခြံမြို့ဆန္ဒတော်ပြည့်စေတီတော် ဒယ်အိုး ၁၀၀ ထမနဲထိုးပွဲ
- ၁၁:၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ အလင်းတန်းများဖြာလျက် တောက်ပနေသောစွဲမက်စရာ စိန်ရတနာ
- ၁၂:၄၀ စက်မှုလက်မှုသိပ္ပံ (မိတ္ထီလာ) ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
- ၁:၀၀ **သစ္စာသည်သာအားကိုးရာ** တရားတော် (အောင်စကြာ ဆရာတော်အရှင်စန္ဒသိရီ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ဟိုတယ်လမ်းညွှန် (Ecotourism ရဲ့ ပန်းတစ်ပွင့်)
- ၂:၅၀ Activities in the City (အောင်ဆန်းသူရိယလှသောင်း တပ်မတော်အထက်တန်းကျောင်း)
- ၃:၀၅ ရင်းနှီးဖိတ်ခေါ်နွှဲပျော်စရာ ချောင်းသာကမ်းခြေသာ
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၅)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၂)
- ၄:၅၀ The Champion of Dance
- ၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ဝါခင်းကုန်း၏ပန်းမွေ့ရာခင်း ပွဲတော်
- ၆:၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၁၆)
- ၇:၂၀ Emperor Love Concert (Part-2)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ **တို့တောကအလှူ** [အင်္ဂပူမြို့နယ်ညောင်ပင်သာရွာရဲ့ ရှင်(၁၀၈)ပါးရှင်ပြုအလှူတော် မင်္ဂလာ]
- ၈:၄၅ အထက(၂) ဒဂုံ(မြို့မ) ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၉:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၃၃)
- ၁၀:၁၀ Celebrity Choice (မေစပယ်ညို)
- ၁၀:၃၀ အနုပညာမိုးကောင်းကင်
- ၁၀:၅၅ အဆိပ်အတောက်ကင်းစင် မြန်ပြည်တစ်ခွင် ဓာတုလျှော့ချသုံးစွဲကြ… (အင်းလေး)
- ၁၁:၂၀ **စာအုပ်ပြခန်း** (Marketing အမှားတွေပြင်ကြစို့)
- ၁၁:၄၅ ငှက်များစောင့်ကြည့်လေ့လာခြင်း (လော်ကားဥယျာဉ်)
- ၁၁:၅၀ MRTV-4 ကျန်းမာရေးကဏ္ဍ (သွားများဖြူဖွေးသန့်စင်အောင် ကုသနည်း)
- ၁၂:၁၅ **နောက်မကျရအောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
- ၁၂:၂၅ World of Knowledge (Inside: Mumbai Terror Attack)
- ၁:၁၅ **Orchard Families** (အပိုင်း-၁)
- ၁:၃၅ Box Office Movies (Avator)
- ၁:၅၅ ရာဇဝင်မြစ်ကမ်းပေါ်မှ…နားခိုရာ
- ၂:၂၅ လှပချစ်စရာလက်မှုအနုပညာ (Pretty in Day & Night)
- ၂:၅၀ စိတ်ချယုံကြည် Global Wave Technology
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ မိုးကုတ်မြို့မှရိုးရာအစားအစာများ နှင့်ဘားနတ်ဈေးသို့အလည် တစ်ခေါက်
- ၄:၄၀ တောင်းဆုအမှန်ပြည့်မည်ဇေကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂:၁၀	Birmingham - Newcastle	ESPN (Live)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၂-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၇:၅၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၀၅ ၈။ အရေးပြိုင်ပွဲ
- ၈:၁၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၅ ၁၀။ **ကလေးများအတွက် အကောင်းဆုံး**
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၄:၂၀ ၃။ ကြည်သာချိုမြဂီတာအလှ (ဂီတာအောင်ရှိန်)
- ၄:၃၅ ၄။ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒဘာသာရပ်)
- ၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၀၅ ၆။ တေးဂီတအစီအစဉ်
- ၅:၁၅ ၇။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅:၃၀ ၈။ **ကြယ်စင်ဥယျာဉ်**
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၁။ **ကြယ်ပွင့်များရဲ့ရင်ခုန်သံ**
- ၆:၅၀ ၁၂။ ဆိုလိုက်ကြစို့
- ၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **မေ့မေတ္တာ** (ဒုတိယတွဲ) (အပိုင်း-၉)
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **ရယ်စရာဟာသများ**
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ** (အပိုင်း-၃)
- ၁၉။ အစီအစဉ်ပြီး၏။

လက်တွေ့အသုံးချ လက်လီအရောင်းစီမံခန့်ခွဲမှု သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

WISE International School for Executives (ABE Accredited College) ကကြီးမှူး၍ (Certificate in Retail Management Skills) လက်လီရောင်းချခြင်း (Retailing) ဆိုင်ရာစီမံခန့်ခွဲမှုသင်တန်းကို ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ ၁၀ ရက်ကြာသင်တန်းကို ညနေ ၅ နာရီခွဲမှ ၇ နာရီခွဲအထိ ထပ်မံဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် လက်လီရောင်းချခြင်းဆိုင်ရာ ဈေးကွက်ရှာခြင်း၊ ရောင်းချခြင်းနှင့်လက်လီရောင်းချမှု လုပ်ငန်းခွင်တစ်ခုလုံး အခြေခံစီမံခန့်ခွဲမှု နည်းစနစ်များ၊ လက်လီရောင်းချမှုဆိုင်ရာ ဈေးနှုန်းသဘောတရားများနှင့် တွက်ချက်မှုပုံစံများ၊ ကုန်ပစ္စည်းဝယ်ယူမှုနှင့် စနစ်တကျထိန်းသိမ်းမှုပုံစံများ၊ လက်လီဆိုင်ဖွင့်လှစ်ရန် နေရာရွေးချယ်မှုဆိုင်ရာ နည်းစနစ်များ၊ ဆိုင်အပြင်အဆင်အခင်းအကျင်း နည်းစနစ်များ၊ လက်လီဆိုင်အရောင်းမြှင့်တင်မှုနှင့် ဈေးကွက်ထိုးဖောက်မှုဆိုင်ရာ နည်းစနစ်များစသည့် လက်လီလုပ်ငန်းကြီးတစ်ခုလုံး၏ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုကိစ္စကို လုပ်ငန်းခွင်တွင် ကျွမ်းကျင်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် နည်းလမ်းများကို သင်ကြားပေးသွားမည်ဖြစ်သည်။

ကြိုတင်စာရင်းပေးသွင်းနိုင်

Workgroup Presentation များလုပ်ခြင်း၊ Strategic Game များကစားခြင်း၊ Group Discussion၊ Brain Storming Section များစသည့် သင်တန်းသားအခြေပြု သင်ကြားမှုပုံစံများကိုအသုံးပြု၍ နယ်ပယ်တွင် ၁၀ နှစ်ကျော် လုပ်သက်အတွေ့အကြုံနှင့်နိုင်ငံတကာအတွေ့အကြုံရှိ ဆရာကြီးကိုယ်တိုင် သင်ကြားဆွေးနွေးမည် ဖြစ်သည်။ သင်တန်းကာလမှာ နာရီ ၂၀ ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၅၀၀၀၀ ဖြစ်ကာ စိတ်ပါဝင်စားသူများနှင့် တက်ရောက်လိုသူများသည် အသေးစိတ်အချက်အလက်များကို WISE International School for Executives (ABE Accredited College) ဖုန်း-၀၁-၅၅၆၁၈၃နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စုံစမ်းကာ ကြိုတင်စာရင်းပေးသွင်းနိုင်သည်။

စုံစမ်းမေးမြန်းနိုင်

Member Program အသင်းဝင် Member များအား အထူးအစီအစဉ်ဖြင့် သတ်မှတ်ထားသော ခံစားခွင့်အပြင် သင်တန်းကြေး ၄၀ ရာခိုင်နှုန်းကို ထပ်မံလျှော့၍ ခံစားခွင့်ပေးသွားမည်ဖြစ်သည်။ Member Program တွင် အသင်းဝင်လိုသူများသည် WISE International School for Executives, Member Department သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်မြို့နယ်၌ ပညာအလင်းစာကြည့်တိုက်ဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်မြို့နယ် ဇီးဖြူကုန်းကျေးရွာအုပ်စု ကျွဲလမ်းကုန်းကျေးရွာ၌ပညာအလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သန္တာထွေး၊ ဇီးဖြူကုန်းကျေးရွာ ဥက္ကဋ္ဌ ဦးသိန်းအေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ဝဲပုံ)**

ပေးအပ်

ဆက်လက်၍မြို့နယ်ဥက္ကဋ္ဌ ဦးတင်လှိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုပါပညာအလင်းစာကြည့်တိုက်သို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သုတရသအုပ်ရေ ၁၂၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက ဂျာနယ်စုံစောင်ရေ ၁၀၀၊ Farmer Phoyarzar Co., Ltd. က ဗီရိုဝယ်ရန် ငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌဦးသိန်းအေးက လက်ခံယူသည်။ စာကြည့်တိုက်သည် အလျား ၂၄ ပေ၊ အနံ ၁၄ ပေရှိပြီး သွပ်မိုး၊ အုတ်ကာနှင့်ကွန်ကရစ်ခင်းဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး စစ်ကိုင်း၌ အလုပ်ရုံဆွေးနွေး

စစ်ကိုင်း ဖေဖော်ဝါရီ ၁၄

၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံကိန်းနောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်းမြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ် မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ခရိုင်မြေစာရင်းဦးစီးဌာနမှူး၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြီးကြပ်သူနှင့် လယ်ယာသန်းခေါင်စာရင်းကောက်ယူမည့် ကွင်းဝန်ထမ်း ၅၅ ဦး တက်ရောက်ကြ၍ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်မိုးက အမှာစကားပြောကြားပြီး အခမ်းအနားတွင် စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစံရဲကျော်က ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ **(အပေါ်ပုံ)**

ဆောင်ရွက်မည်

အဆိုပါ ၂၀၁၀ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း နောက်ဆက်တွဲစာရင်းကောက်ယူခြင်းကို ဖေဖော်ဝါရီ ၁၅ ရက်မှ မတ် ၃၁ ရက်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်မြေစာရင်းဦးစီး)

STI Education သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

STI Education ၏ နှစ်ပတ်လည်နှင့်သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ Park Royal Hotel (Ballroom) ၌ ကျင်းပရာ STI ၏ အတိုင်ပင်ခံအကြံပေးပါမောက္ခ ဒေါ်လှမြင့်(ငြိမ်း) ကအမှာစကားပြောကြားပြီး**(အောက်ပုံ)** အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ခင်အေးဝင်းက STI ၏ ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အောင်လက်မှတ်ပေးအပ်

ဆက်လက်၍ သင်တန်းသားဆရာ ဆရာမများက Double Diploma in Logistics Management & Supply Chain Management, Advanced Diploma in Logistics Management, Diploma in Logistics Management, Diploma in Supply Chain Management, Diploma in Business Management, Diploma in Business Information Systems, Diploma in TESOL,Certificate in TEFL/TEYLT,Certificate in Business and Management, Certificate in Warehouse Management, Certificate in ACE, Certificate in Marketing,Certificate in English Communication Skills နှင့် English - To - Go သင်တန်းအောင်မြင်သူများအားအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက် ဉာဏ်စမ်း Quiz အမေးအဖြေမှ ပထမရ Uncle Gyi အဖွဲ့အား ဒါရိုက်တာဒေါက်တာမျိုးမျိုးနိုင်ကလည်းကောင်း၊ဒုတိယရ Rockers အဖွဲ့နှင့် တတိယရ Red အဖွဲ့တို့အား ဒါရိုက်တာ ဒေါ်ခင်စန်းဝင်းကလည်းကောင်း ဆုများချီးမြှင့်သည်။

STI Education နှင့် စပ်လျဉ်း၍ သိရှိလိုပါက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်း ၇ အဆောင်(၄)နှင့် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း(အထက်)အမှတ် ၃၇၇ ဖုန်း-၂၅၀၀၅၆၊၇၀၀၂၇၃၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁ နှင့် ၅၀၇၁၅၂ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုနေ့ဂုဏ်ပြု လမ်း၊ တံတားနှင့် စက်ရေတွင်းဖွင့်

ဘုတ်ပြင်းမြို့နယ် မိုလ်ချုပ်လမ်း အပိုင်း(၁) ကတ္တရာထပ်ပိုးလွှာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်ကကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးကြည်ခင်၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်နှင့် အမှုဆောင်အရာရှိ ဦးမြင့်ဟန်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

လက်ပံတန်းမြို့နယ် မာလကာကုန်းကျေးရွာတွင် နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသိန်းဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး ဦးမျိုးညွန့်နှင့် ကျေးရွာရပ်မိရပ်ဖတစ်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကလေးမြို့နယ်၌ နတ်မြောင်းချောင်းတံတားနှင့် မှန်လုံချောင်းတံတားနှစ်စင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလင်းထင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် ဒေသခံပြည်သူတစ်ဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြန်အောင်မြို့ အမှတ်(၂)ရပ်ကွက် ကျိတ္တန်းအနောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးကြူ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့ ရွှေဆိုင်တန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ ပုသိမ်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးရဝေထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေထက်ရှိန်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဝင် ဦးမောင်မောင်ကျင်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာနေ
ဦးခင်မောင်လွင်(ခ)ဦးမောင်လွင်-ဒေါ်တင်တင်ပျိုတို့၏သားကြီး

ဗိုလ်ကြီးသက်လင်းအောင်

B.C.Sc (D.S.A), M.D.I.T(MSU)

နှင့်

မန္တလေးမြို့၊ ၆၄လမ်း၊ ခြံအမှတ်(ဒ-၂)၊ ၁၀၉နေ
ဗိုလ်မှူးညိုဝင်း(ငြိမ်း)-ဒေါ်ခင်သန်းဦးတို့၏သမီး
ဗိုလ်ကြီးဇာနည်ညိုဝင်း M.B.,B.S(D.S.M.A) ၏အစ်မ

မမြတ်ဝတ်ရည်ဝင်း

B.C.Sc (Hons;), M.C.Sc

(နည်းပြ၊ ကွန်ပျူတာတက္ကသိုလ်၊ မန္တလေး)

တို့၏ ၆-၂-၂၀၁၁ရက်(တနင်္ဂနွေနေ့)တွင် Sedona Hotel ၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်၍ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်တင်ဝင်း(ငြိမ်း)နှင့်ဇနီး ဒေါ်မိုးမိုး၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးကျော်တင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ခင်အေး၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဗိုလ်မှူးချုပ်စံထွန်း(ငြိမ်း)၏ဇနီး ဒေါ်တင်စိန်အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးကြသော ဗိုလ်ကြီးဟံတိုးနှင့် ဗိုလ်ကြီးခွန်နေထွန်း၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးကြသော မကေဇင်ကျော်နှင့် မနွယ်ပြာကြည်သိန်းတို့အားလည်းကောင်း၊ မေတ္တာဖြင့် မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးပေးပါသော ရွှေဘုံစံအလှဘဏ်မှ မခင်အိအိထွန်းနှင့် ဆံပင်မိတ်ကပ်မင်းမောင်၊ မေတ္တာဖြင့် မင်္ဂလာဝတ်စုံပိုးထည်များဖန်တီးပေးပါသော သီဂီကျော်ပိုးထည်တိုက်မှ ဦးကျော်ကျော်နှင့် ဒေါ်မေသကြိန်၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးသော Remember Me မှ မစောယုနွယ်နှင့် အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံပြင်ဆင်ဖန်တီးပေးပါသော မဖြူဖြူထွေး၊ မင်္ဂလာပန်းကြဲပေးပါသော မအိန္ဒြာကျော်၊ မင်္ဂလာအောင်စံပယ်ပန်းဗန်းကိုင်ဆောင်ပေးပါသော မနိုမီလှိုင်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မသက်မြတ်နိုး၊ မင်္ဂလာတေးသံသာများသီဆိုပေးပါသော မန္တလေးမြို့တော်စည်ပင် တီးဝိုင်းအဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို ဦးမောင်မောင်လှတင့်(မန်းတက္ကသိုလ်)နှင့်အဖွဲ့၊ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း လက်ဖွဲ့ပစ္စည်းများပေးပို့ကြသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးသက်လင်းအောင်-မမြတ်ဝတ်ရည်ဝင်း။

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ(ဗိုလ်ချုပ်အေးကျော်၊ ဝန်ကြီး၊ ငြိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာန)-ဒေါ်ခင်လှမူတို့၏တူ/သား
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ(ဦးမြင့်စိန်)-ဒေါ်သန်းမြတို့၏သားငယ်
ရန်ကုန်မြို့နေ ဦးကျော်ကျော်ဦး(K.K.K. Co., Ltd.)-ဒေါ်ဝင်းပုလဲ၊
ဦးအောင်နိုင်-ဒေါ်နှင်းပုလဲ(မေတ္တာရောင်ခြည်အထူးကုဆေးခန်းနှင့် နှင်းသစ္စာအထည်ဆိုင်)တို့၏မောင်

ဗိုလ်ကြီးကျော်ဇင်ဟိန်း(ခ)ချစ်မွေးဟိန်း

M.B.,B.S(D.S.M.A)
First Year, M.Med.Sc(Pathology)

နှင့်

ရန်ကုန်မြို့နေ ဦးကျော်မြင့်အောင်(မန်နေဂျာ၊ ငြိမ်း၊ ဗဟိုသ/မ)-ဒေါ်သန်းသန်းအေးတို့၏သမီးငယ်

မယုယုနိုင်

B.Med.Tech(Medical Laboratory Technology)
Laboratory Department(Shwe Padauk Hospital)

တို့၏ ၅-၂-၂၀၁၁ ရက်(စနေနေ့)တွင် နဂါးရွှေစင်ခန်းမ(ကလေးမြို့)၌ ကျင်းပပြီးစီးသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်အောင်စန်းချစ်နှင့် ဇနီး ဒေါ်ပိုပိုအေး၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ကြွရောက်၍ စုလျားရစ်ပတ် လက်ထပ်ပေးပါသော ဦးစိုးတင့်(ဥက္ကဋ္ဌ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ကလေးမြို့)နှင့် ဇနီး ဒေါ်ခင်သီတာတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်မှူးကြီးစံရွှေထွန်းနှင့် ဇနီး ဒေါ်နီလာစောတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဒေါက်တာဦးညွန့်သန်း(ဆေးရုံအုပ်ကြီး၊ ကလေးမြို့)နှင့် စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဆရာ ဆရာမများ၊ သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ အောင်မြင်စွာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်ဇင်ဟိန်း-မယုယုနိုင်။**

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် လက/၇၃၁၃ Hondawave M/C ယာဉ်လက်ဝယ်ရှိသူ ဦးကလဲမင်း ၁၃/ဖခန(နိုင်)ဝ၆၃၄၁၄က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ ပြည်နယ်ရုံး၊ လွိုင်ကော်မြို့။

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။



ကျိုက်ထိုမြို့နယ်ရှိ သရက်ကုန်း-ညောင်ဒေါက်ကျေးရွာချင်းဆက် မြေသားလမ်းဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၃ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနီနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း နိုင်ငံတကာအနုပညာသတင်း

မြင့်မောင်စိုး-ရေးသားသည်

ပေါ့အဆိုတော် လေဒီဂါဂါ ဂရမ်မီဆုသုံးဆုဆွတ်ခူး

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၁၄

(၅၃)ကြိမ်မြောက် ဂရမ်မီ တေးဂီတဆုပေးပွဲ အခမ်းအနားကို

အဆိုတော်လေဒီဂါဂါအား ဂရမ်မီဆုနှင့်အတူတွေ့ရစဉ်။

ဖေဖော်ဝါရီ ၁၃ ရက် ညပိုင်းက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပရာ လေဒီအင်န်တီဘယ်လန်အဖွဲ့နှင့် လေဒီဂါဂါတို့က တစ်နှစ်တာ အကောင်းဆုံးဆုကြီးများ ဆွတ်ခူးသွားခဲ့သည်။

ဆွတ်ခူးနိုင်

လေဒီအင်န်တီဘယ်လန်အဖွဲ့က Need You Now တေးအယ်လ်ဘမ်ဖြင့် တစ်နှစ်တာအကောင်းဆုံး သီချင်းဆုနှင့် တစ်နှစ်တာရောင်းအား အကောင်းဆုံးဆုများ အပါအဝင် ဂရမ်မီဆု ငါးဆု ဆွတ်ခူးခဲ့သည်။ ယင်း အယ်လ်ဘမ်မှာ တစ်နှစ်အတွင်း အခွေ ၃ ဒသမ ၂ သန်းရောင်းချခဲ့ရသည်။

လက်ခံယူ

လေဒီဂါဂါသည် ဂရမ်မီဆုပေးပွဲကျင်းပရာ ကော်ဇောနီစင်မြင့်ထက်သို့ The Fame Monster တေးအယ်လ်ဘမ်ဖြင့် အကောင်းဆုံး ပေါ့အဆိုအယ်လ်ဘမ်ဆုအပါအဝင် ဆုသုံးဆုယူရန် ကြက်ဥသဏ္ဌာန် ပိုးအိမ်ထဲမှ ဆင်းသက်လျက် ဂရမ်မီဆုကို လက်ခံရယူခဲ့သည်။

ဆွတ်ခူးနိုင်

ရက်ပါဂျေးဇက်နှင့် ဆိုးလ်စတားဂျွန်လီဂျန်တို့ကလည်း ဂရမ်မီဆုသုံးဆုစီရရှိခဲ့ကြသည်။ ဂျေးဇက်သည် Empire State Of Mind တေးအယ်လ်ဘမ်ဖြင့် ဂရမ်မီဆုနှစ်ဆု ဆွတ်ခူးခဲ့သည်။

အကောင်းဆုံး ရော့ခ်အယ်လ်ဘမ်ဆုရအဆိုတော်မက်သရူးဘယ်လ်လာမီအား ဂရမ်မီဆုနှင့်အတူ တွေ့ရစဉ်။

လေဒီအင်န်တီဘယ်လန်အဖွဲ့မှ အဆိုတော်များဖြစ်ကြသည့် (ဝဲမှယာ) ချာလီကယ်လ်လီ၊ ဟီလာရီစကော့နှင့် ဒေ့ဗ်ဟေးဝုဒ်တို့အား ယင်းတို့၏ ဂရမ်မီဆုများနှင့်အတူ ဤသို့တွေ့ရသည်။

ဂရမ်မီဆုရရှိမှုဇယား

စဉ်	အဆိုတော်အမည်	တေးအယ်လ်ဘမ်အမည်	ဆုအမည်
၁။	လေဒီအင်န်တီဘယ်လန်အဖွဲ့	Need You Now	တစ်နှစ်တာရောင်းအားအကောင်းဆုံးဆု
၂။	အာကာဒီဖိုင်းယားအဖွဲ့	The Suburbs	တစ်နှစ်တာ အကောင်းဆုံး တေးအယ်လ်ဘမ်
၃။	လေဒီအင်န်တီဘယ်လန်အဖွဲ့	Need You Now	တစ်နှစ်တာ အကောင်းဆုံးသီချင်းဆု
၄။	အီစပါရန်ဇာစပါလ်ဒင်း	-	အကောင်းဆုံးအဆိုရှင်သစ်ဆု
၅။	လေဒီဂါဂါ	Bad Romance	အကောင်းဆုံးအမျိုးသမီးပေါ့အဆိုသရုပ်ဆောင်ဆု
၆။	ဘရူနိုမားစ်	Just The Way You Are	အကောင်းဆုံးအမျိုးသားပေါ့အဆိုသရုပ်ဆောင်ဆု
၇။	လေဒီဂါဂါ	The Fame Monster	အကောင်းဆုံးပေါ့တေးအယ်လ်ဘမ်ဆု
၈။	နေးလ်ရန်း	Angry World	အကောင်းဆုံး ရော့ခ်သီချင်းဆု
၉။	မက်သရူးဘယ်လ်လာမီ	The Resistance	အကောင်းဆုံးရော့ခ်အယ်လ်ဘမ်ဆု
၁၀။	ဂျေးဇက်နှင့် အလီစီယာကီးစ်	Empire State Of Mind	အကောင်းဆုံးရက်ပ်သီချင်းဆု
၁၁။	အီမီနမ်	Recovery	အကောင်းဆုံးရက်ပ်အယ်လ်ဘမ်ဆု
၁၂။	လေဒီဂါဂါ	Bad Romance	အကောင်းဆုံးတေးဂီတ ဗီဒီယိုဆု

(အင်တာနက်)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးမောင်မောင်-ဒေါ်စန်းမြင့် တို့၏သား

မောင်ဉာဏ်ဝင်း

B.B.A(University of Wales Institute Cardiff, United Kingdom)

နှင့်

မန္တလေးမြို့နေ(ဦးခင်မောင်တင်)-ဒေါ်နီနီဝင်း တို့၏သမီး

မနွယ်နီဝင်း

တို့၏ ၁၁-၂-၂၀၁၁ ရက်တွင် ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း) နှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေနှင့် ဇနီး ဒေါက်တာဒေါ်ခင်သီတာအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့များ ချီးမြှင့်ပို့ပေးပါသော စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဇနီး ဒေါ်ခင်သန်းဌေး၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် ဇနီး ဒေါ်ခင်ဆွေသန်းအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ကြွရောက် ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဉာဏ်ဝင်း-မနွယ်နီဝင်း။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီး မျိုးအောင်(ငြိမ်း)-ဒေါ်ခင်တိုးမြင့်တို့၏သားငယ်

မောင်ဇော်မျိုးအောင်

B.E (Electrical Power)

နှင့်

ရန်ကုန်မြို့နေ ဒုတိယဗိုလ်မှူးကြီးဇော်သိန်း(ငြိမ်း)-ဒေါ်တင်တင်ထွေး တို့၏သမီးဦး

မခိုင်အိအိဇော်

B.E (Mechanical Power), B.A (English)

တို့၏ ၄-၂-၂၀၁၁ရက် (သောကြာနေ့)တွင် ကျင်းပပြီးစီးခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးခဲ့သော ဒေါ်ခင်ကြည်ကြည်ဇော်(မြို့နယ်တရားသူကြီး)အားလည်းကောင်း၊ ၅-၂-၂၀၁၁ရက် (စနေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ချိုဦးတို့အားလည်းကောင်း၊ မင်္ဂလာအောင်လက်ထပ်လက်စွပ် ချီးမြှင့်ဆင်မြန်းပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်နှင်းဝေတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ လူကိုယ်တိုင်ကြွရောက်ချီးမြှင့်မပေးနိုင်သော်လည်း လက်ဆောင်ပစ္စည်းများ ပေးပို့ချီးမြှင့်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာတေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးပါသော Cupid Music Band မင်္ဂလာပန်းကြဲပေးပါသော မနေ့သစ်ဖူး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်ထပ်လက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မစမ်းပပဇော်၊ မင်္ဂလာသတို့သားအရံ မောင်ဖြိုးဝေလင်းနှင့် မောင်ကောင်းမြတ်ဇော်၊ မင်္ဂလာသတို့သမီးအရံ မလွင်ဖြူဖြူသန့်နှင့် မဖြူဖြူဟာန်၊ မိတ်ကပ်နှင့်ဆံပင်အလှဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ မင်္ဂလာဝတ်စုံ ပြည်စိုးအောင်၊ လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော အန်တီမူ၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော အကိုင်းနှင့်အဖွဲ့၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးပါသော Love အားလည်းကောင်း၊ ပန်းအလှဆင်ပေးပါသော ဦးမြင့်သိန်းနှင့် ကိုလုလုတို့အားလည်းကောင်း၊ Sedona Hotel မှ မလီလီနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော မိဘဆွေမျိုးများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

၁၂-၂-၂၀၁၁ ရက် (ပြည်ထောင်စုနေ့)တွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြီးစီးသော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများ၊ မြို့မိ မြို့ဖများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် သူငယ်ချင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူများအားလုံးတို့အားလည်းကောင်း အထူး လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မျိုးအောင်-မခိုင်အိအိဇော်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)-PGDMA
အမှတ်စဉ်(၁၂)သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်ရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနများ၏ အစီအစဉ်ဖြင့် အဆိုပါတက္ကသိုလ်များတွင်ဖွင့်လှစ်မည့် မာလ်တီမီဒီယာအတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း Postgraduate Diploma in Multi-media Arts (Education)- PGDMA အမှတ်စဉ် (၁၂)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူများသည် မြန်မာနိုင်ငံသားဖြစ်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် အင်္ဂလိပ်စာဘွဲ့တစ်ခုခုရသူဖြစ်ရမည်။

(ဂ) ပြင်ပမှလျှောက်ထားသူဖြစ်ပါက ၂၀၁၁ ခုနှစ် ဇွန် ၉ ရက်တွင် အသက် ၂၅ နှစ်ထက်မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အပိုဒ်ခွဲ(ခ)ပါ ဘွဲ့တစ်ခုခုရရှိရမည့်အပြင် အမြဲတမ်းဝန်ထမ်းအဖြစ် လုပ်သက်အနည်းဆုံးနှစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး အသက် ၃၀ထက်မကြီးသူဖြစ်ရမည်။

(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် တက်ရောက်နိုင်ရမည်။

(င) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ(သို့မဟုတ်) ဘွဲ့ရကြောင်းထောက်ခံစာနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူတို့ကို ပူးတွဲတင်ပြရမည်။

၃။ လျှောက်ထားသူသည် ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများ(တွဲဖက်ပြည်နယ်/တိုင်းဒေသခွဲ အပါအဝင်)မှတစ်ဆင့် သက်ဆိုင်ရာအခြေခံပညာဦးစီးဌာနသို့ လျှောက်လွှာနှင့် အထောက်အထားစာရွက်စာတမ်းများကို ပေးပို့လျှောက်ထားနိုင်သည်။

၄။ ဝန်ထမ်းဖြစ်ပါက မိမိတာဝန်ထမ်းဆောင်နေသည့် ရုံးဌာနဆိုင်ရာ အကြီးအကဲ၏ ဝန်ထမ်းဖြစ်ကြောင်း ထောက်ခံစာကို ပူးတွဲ၍ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးပညာရေးမှူးရုံးများသို့ အချိန်မီလျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန (သို့မဟုတ်) ဦးစီးဌာနများသို့ တိုက်ရိုက်လျှောက်ထားမှုမပြုရပါ။

၅။ အင်္ဂလိပ်စာဘာသာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲများကို ၂၀၁၁ခုနှစ် မတ် ၂၁ရက်တွင် သက်ဆိုင်ရာဦးစီးဌာနက သတ်မှတ်ပေးသည့် ရန်ကုန်၊ မန္တလေးစာဖြေဌာနများ၌ စစ်ဆေးမည်ဖြစ်ပါသည်။ ဖြေဆိုရမည့်သူများ၏ ခုံအမှတ်စာရင်းနှင့် စာဖြေဌာနကို မတ် ၁၉ရက်တွင် သက်ဆိုင်ရာဦးစီးဌာနများ၊ ပညာရေးတက္ကသိုလ်များနှင့် စာဖြေဌာနများတွင် ကြေညာထားမည်ဖြစ်ပြီး ရေးဖြေအောင်စာရင်းကို မတ် ၂၈ရက်တွင် အဆိုပါဌာနများ၌ ကြေညာထားမည်ဖြစ်ပါသည်။

၆။ ရေးဖြေအောင်မြင်သူများအား ဧပြီ ၁ရက်မှစ၍ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ် (မန္တလေးဌာနခွဲ) တို့တွင် လူတွေ့နှုတ်ဖြေစစ်ဆေးမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲဖြေဆိုမည့်သူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားကိုလည်းကောင်း၊ လူတွေ့နှုတ်ဖြေစစ်ဆေးခံရမည့်သူသည် ဘွဲ့လက်မှတ်မူရင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မူရင်းတို့ကိုလည်းကောင်း တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းကာလမှာ ၂၀၁၁ခုနှစ် ဇွန် ၉ရက်မှ ၂၀၁၂ခုနှစ် ဧပြီလဆန်းပိုင်းအထိ ဖြစ်ပါသည်။

၉။ သင်တန်းတက်ရောက်အောင်မြင်သူများကို အခြေခံပညာကျောင်းများတွင် အလယ်တန်းပြအဖြစ် ခန့်အပ်တာဝန်ပေးမည်။

၁၀။ လျှောက်ထားသူသည် ပူးတွဲပါသင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းထားသော လျှောက်လွှာခုစုံတွင် ဖလအတွင်းရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်ပါဓာတ်ပုံ ၁ပုံနှင့် မျက်မှန်မပါဓာတ်ပုံ ၁ပုံ)တို့ကိုကပ်၍ ပူးတွဲရမည့်အထောက်အထားများနှင့်အတူ ၂၀၁၁ခုနှစ် မတ် ၁၀ရက်ထက်နောက်မကျစေဘဲ လျှောက်လွှာတင်သွင်းရမည်။

ရက်စွဲ။ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ ရက်

ညွှန်ကြားရေးမှူးချုပ်

၂၀၁၁-၂၀၁၂ ပညာသင်နှစ်
မာလ်တီမီဒီယာ အတတ်ပညာဘွဲ့လွန်ဒီပလိုမာ(ပညာရေး)သင်တန်း
Postgraduate Diploma in Multi-media Arts (Education)-PGDMA

အမှတ်စဉ်(၁၂) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် -------- ခုနှစ် --------- လ-------- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် စာစစ်ဌာန ----------------------------
ခုနှစ် ------- မြို့နယ်------------- ပြည်နယ်/တိုင်းဒေသကြီး---------------

၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ---------------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ် ---------------------------------

၅။ အိမ်ထောင် ရှိ/မရှိ (ရှိပါက)ဇနီး/ခင်ပွန်းအမည် ----------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ---------------------------------

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ---------------------------------
----

၇။ အလယ်တန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ ။ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီလ ရက်

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၈၄၅၅ Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်း ၈/ပခက(နိုင်)၂၂၄၁၁၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး၊မန္တလေးမြောက်ပိုင်း၊မန္တလေးမြို့။**



ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်သူဆန်း၏ နိုင်ငံကူးလက်မှတ်အမှတ် ၈၃၈၅၁၁ နှင့် C.D.Cနံပါတ် ၁၅၆၈၈ တို့သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၅၅၅၁၈၀၊ Ext:291**

မကွေးမြို့နယ် ဆူးပစ်စမ်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား အိမ်ခြေ၁၀၀ ကျော်ဆုံးရှုံး လူဦးရေ ၈၀၀ ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ပွား

နေပြည်တော် ဖေဖော်ဝါရီ ၁၄

မကွေးခရိုင် မကွေးမြို့နယ် ဆူးပစ်စမ်းကျေးရွာ၌ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင် လောင်ကျွမ်းပြီး အိမ်ခြေ ၁၀၀ ကျော် မီးလောင်ဆုံးရှုံးသဖြင့် လူဦးရေ ၈၀၀ ခန့် အိုးမဲ့အိမ်မဲ့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝိုင်းဝန်းပူးပေါင်း

၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံတစ်ဝန်းမီးလောင်မှု (၇၂)ကြိမ်ဖြစ်ပွားခဲ့ရာ မီးဖိုမီးအပါအဝင် ပေါ့ဆမီး (၅၁)ကြိမ်တွင် ကျေးရွာမီးလောင်မှု (၂၆)ကြိမ် ပါဝင်ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ စာရင်းထုတ်ပြန်သတိပေးထားပြီး ယခုအခါ ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်သဖြင့် ပေါ့ဆမှုမှ စတင်သော မီးလောင်မှုများဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးကို အားလုံးက အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လည်း တိုက်တွန်းနှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ဖေဖော်ဝါရီ ၁၃ ရက် ည ၁၁ နာရီ ၁၂ မိနစ် ၄၃ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း၏ အနောက်မြောက်ဘက် ၅၅ မိုင်ခန့် အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)



ရှင်းလင်းတင်ပြ

ကျောက်ကြီးမြို့ မေတ္တာရပ်ကွက်ရှိ စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်နေမှုကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ဆန်းလင်း ဇန်နဝါရီ ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ခိုင်နှင့် မြို့နယ်စစ်မှုထမ်းဟောင်း ဥက္ကဋ္ဌ ဦးမြင့်ဆွေတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အစားအသောက်များ ဘေးအန္တရာယ်ကင်းရေး သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၄

MAT Professional Training & Services နှင့် Guardian Independent Certification Ltd .(UK) တို့ ပူးပေါင်း၍ HACCP-Hazard Analysis Critical Control Points သင်တန်းကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

HACCP Standard များသည် စားသုံးသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လုံခြုံမှုအပြည့်အဝပေးနိုင်သော နိုင်ငံတကာစံညွှန်းများဖြစ်ပြီး မြန်မာနိုင်ငံရှိ Food Industries များတွင်အသုံးပြုနိုင်သော Standard များဖြစ်သည်။ သင်တန်းတွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် HACCP Standard များ၏ အရေးပါပုံ၊ HACCP စနစ်ကို အကောင်အထည်ဖော်ရန်အတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်ချက်များ၊ အမြဲမပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြု HACCP Certificate ရရှိရန်အတွက် လိုအပ်ချက်များကို ဆွေးနွေးမည်ဖြစ်သည်။ သင်တန်းကို IRCA- UK Registered QMS Auditor (GIC International Ltd . (UK) မှ ဒေါက်တာတင်လတ်က ပို့ချမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

မြန်မာနိုင်ငံတွင် HACCP နှင့် ပတ်သက်သော သင်တန်းများကို MAT Professional Training & Services ၌ လေ့လာသင်ယူနိုင်သည်။ ၎င်းအပြင် ISO 9001: 2008 သင်တန်း၊ ISO 14001: 2005 သင်တန်း၊ ISO 18001: 2005 သင်တန်း၊ Food Science & Technology သင်တန်း၊ Marketing သင်တန်းနှင့် Auditing သင်တန်းများကို ဘာသာရပ်ဆိုင်ရာ ပညာရှင်များနှင့် ပါရဂူများက လစဉ် ပို့ချလျက်ရှိသည်။ ကုမ္ပဏီများ ISO လက်မှတ်ရရှိရေးအတွက် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် LCCI, CAT, ACCA နှင့် ABE သင်တန်းများကိုလည်း ပို့ချပေးလျက်ရှိသည်။ စိတ်ပါဝင်စားသူများအနေဖြင့် MAT Professional Training & Services ဖုန်း -၂၄၆၆၁၈၊ ၂၄၂၄၃၁နှင့် www.matprofessional.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး ကွမ်းလုံ၌ အလုပ်ရုံဆွေးနွေး

ကွမ်းလုံ ဖေဖော်ဝါရီ ၁၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွမ်းလုံမြို့တွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း စီမံကိန်းနောက်ဆက်တွဲစာရင်းကောက်ယူခြင်းလုပ်ငန်း မြို့နယ်အဆင့်အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၁၀ နာရီက မြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးမှူး ဦးကျော်မြင့်က လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ညောင်ဦးခရိုင်၌ ကျင်းပမည်

ညောင်ဦး ဖေဖော်ဝါရီ ၁၃

ညောင်ဦးခရိုင်တွင် ပထမအကြိမ်မြောက် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဖလားနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဖလား မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါ ပြိုင်ပွဲကျင်းပရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၅ ရက် နံနက်က ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းဆွေးနွေး

အခမ်းအနားတွင် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက်မြန်မာပြည်) ဦးအုန်းမြင့်ဦး **(အောက်ပုံ)**နှင့် ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရန်လင်းအောင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြိုင်ပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ (ပုဂံဇုန်) ဦးသန်းရွှေက ပြိုင်ပွဲအတွက် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမောင်က ပြိုင်ပွဲကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ပြီး မန္တလေးတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်ကစီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးသည်။

လုပ်ငန်းစဉ်များ

ထို့နောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးရဲအောင်က ဆပ်ကော်မတီများအလိုက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စိုက်ပျိုးရေးစရိတ် ချေးငွေပေးအပ်ပွဲ မုံရွာ၌ ကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၁၃

မုံရွာမြို့နယ် ရွာတုံ စံပြကျေးရွာ တိုးတက်ဝင်း လယ်ယာနှင့်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမ အသင်းသား တောင်သူများအား သက်တန့်ရောင် သမဝါယမအသင်းပံ့ပိုးမှုဖြင့် စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂ ရက် နံနက် ၉ နာရီက ရွာတုံစံပြကျေးရွာရှိ ဖွံ့ဖြိုးရေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အေးမော်နှင့် ဦးစီးအရာရှိများ၊ မုံရွာမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်အုန်းမြင့်နှင့် ဦးစီးမှူးများ၊ တာဝန်ကျကြီးကြပ်အဖွဲ့နှင့် နယ်မြေတာဝန်ခံများ၊ မုံရွာမြို့နယ်သမဝါယမ အသင်းစုမှ အတွင်းရေးမှူး ဦးကြည်ထွန်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ရွာတုံ စံပြကျေးရွာဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့်အဖွဲ့ဝင်များ၊ တိုးတက်ဝင်းလယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ ဥက္ကဋ္ဌ ဦးမြင့်သူနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး တစ်ဧကလျှင် ၃၀၀၀၀ နှုန်းဖြင့် ငွေကျပ်သိန်း ၁၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ)** (၀၄၀)

မြို့နယ် သတင်း ထွေတလာ

ကဝမြို့နယ်၌ ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင် အောင်ချက်မြင့်မားရေး ထောက်ပံ့ငွေပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၁ ရက်က မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးလှဝင်းက စာသင်ကျောင်း ၁၄ ကျောင်းအတွက် ငွေကျပ် ၁၄ သိန်း ထောက်ပံ့ပေးအပ်စဉ်။ (ပညာရေး)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ဘားအံမြို့နယ် မြို့ရေပေးရေးလုပ်ငန်းဖြစ်သည့် ဘားမဲတောင်ရေဂါလန် ၁၀၀၀၀၀ ဆံ့ ရေလှောင်ကန်တည်ဆောက်ထားရှိမှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမင်းမောင် ဖေဖော်ဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တနိုင်းမြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ပုန်ခုန်းရပ်ကွက် ဗိုလ်တေဇလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဇော်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင် သီရိမြိုင်-သရက်ကုန်းလမ်း ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးတင်ကိုကို ရှင်းလင်းတင်ပြစဉ်။ (၀၁၄)

ကျိုက်လတ်မြို့ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တို့အား မြို့ရေပေးရေးလုပ်ငန်းအတွက် ရေပိုက်များသွယ်တန်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ(၃) ဒေါ်ဇာခြည်မြင့်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်က အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှိုင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့်အဖွဲ့ ချောင်းဆုံမြို့နယ် ကျေးလက်ရေပေးရေးလုပ်ငန်းဖြစ်သော ဆယ်ပလာကျေးရွာမြေသားရေလှောင်ကန် တူးဖော်ရန်စီစဉ်ထားရှိမှုကို ဖေဖော်ဝါရီ ၅ ရက်က ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းမြင့်အောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၂၀)၊ အခန်းအမှတ်(၁၁)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်နှင်းရီထံမှ စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးစိုးတင့် ၁၂/ပဇတ(နိုင်)၀၁၂၃၈၅က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြေညာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃၊ မြေကွက်အမှတ်၁၈၃၊ မြေကွက်တည်နေရာ အမှတ်၁၈၃၊ ရွှေဝါထွန်း ၂လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးတင်စိုး N/OKA-၀၃၄၀၉၀ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်စိုး ကွယ်လွန်သဖြင့် ဒေါ်ချိုမြအေး ၁၂/ဗဟန(နိုင်)၀၁၄၅၃၉ က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ပသ/၂၄၇၃၀ Jialing C 90 ယာဉ်လက်ဝယ်ရှိသူ ဦးပြုံးမောင်မောင် ၁၄/ကကန(နိုင်)၀၈၈၆၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ (တိုင်းဒေသကြီးဦးစီးမှူးရုံး)၊
ပုသိမ်မြို့။

မော်လမြိုင်မြို့နယ်အတွင်း ယာဉ်စည်းကမ်း လမ်းစည်းကမ်း စစ်ဆေး

မော်လမြိုင် ဖေဖော်ဝါရီ ၁၃

မွန်ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့(တာဝန်ခံ) ဒုတိယရဲမှူးမြင့်အေး ဦးဆောင်သော စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၄ ရက်မှ ၈ ရက်အထိ မော်လမြိုင်မြို့နယ်မှ အထွက် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊မြို့အဝင်မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များကို စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲခြင်းရှိ မရှိ ရှောင်တခင်စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။ **(အောက်ပုံ)**

မော်လမြိုင်မြို့နယ်သို့ ဝင်ထွက်သည့်ယာဉ်များကို ဖေဖော်ဝါရီ ၆ ရက်က မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် ရဲအုပ်လှထွန်းနှင့်အဖွဲ့က ဆွမ်းအုပ်အဝိုင်းတွင်လည်းကောင်း၊ ရဲအုပ်အေးမင်းနှင့်အဖွဲ့က ဈေးကြိုလမ်းဆုံ၊ ငန်းတေး-ကျိုက်မရောသွားလမ်း၊ အဝေးပြေးကားလမ်း၊ မြို့တွင်းလမ်းဆုံ၊ လမ်းခွများတွင် လည်းကောင်း စစ်ဆေးမှုများပြုလုပ်ရာဆိုင်ကယ် ဦးထုပ် မဆောင်းသူများ၊ ယာဉ်မောင်းလိုင်စင်၊ ဆိုင်ကယ်လိုင်စင်မရှိသူများအား စစ်ဆေးအရေးယူခဲ့သည်။ (၀၁၄)

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၉၊ လူနေရပ်ကွက်အမှတ် (စက်မှု)၊ မြေကွက်အမှတ်(၂၄၊ ၂၅၊ ၂၆၊ ၂၇)၊ ဧရိယာ ၉ ဒသမ ၆၅ ဧကရှိ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေကွက်(၄)ကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် လုပ်ငန်းအပါအဝင် ၄င်းတို့၏ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ပြုလုပ်ခြင်း

အထက်ဖော်ပြပါ ပစ္စည်းအရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ရှိသူသည် အဆိုပါပစ္စည်းအရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိကြောင်း၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံပြီး ရောင်းချခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေကြေးကို စရန်ငွေအဖြစ် အမည်ပေါက်ရောင်းချသူထံပေးချေထားပြီးဖြစ်ပါသည်။ အထက်ခေါင်းစီးပါ အရောင်း အဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် အရေးဆိုနိုင်ပါသည်။ အရေးဆိုသူမရှိပါက ဤအရောင်းအဝယ်ကို အပြီးတိုင်တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိမိလှိုင်(LL.B)
တရားရုံးချုပ်ရှေ့နေ(စဉ်-၅၃၅၄)
အေရှပလာဇာ၊ အခန်း(၀၂-၂၅)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၇၃၀၃၉၁၁၇၊ ၀၉-၅၁၁၂၀၅၁။

သက်ဆိုင်သူများကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ တိုက်အမှတ် (၂၈၈/၂၉၀)၊ MWEA Tower၊ အခန်းအမှတ် (၉၀၂)၊ ကိုးလွှာ၊ ရွှေတိဂုံဘုရားလမ်းဟုခေါ်တွင်သည့် Condonium တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်နွှယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဒေါ်နန်းသူဇာအောင် ၁၃/မဆတ(နိုင်)၀၂၈၆၇၇ကိုင်ဆောင်သူထံမှ ကျွန်ုပ် ဦးတေချောင်ရီ (ခ)ဦးလှရီ ၁၂/လသန(ဧည့်)၀၀၀၃၉၁က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ၄င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဦးတေချောင်ရီ(ခ)ဦးလှရီ
တိုက်အမှတ် (၂၈၈/၂၉၀)၊ NWEA Tower
အခန်းအမှတ်(၁၀၀၄)၊ ၁၀ လွှာ၊
ရွှေတိဂုံဘုရားလမ်း၊ ယောမင်းကြီးရပ်ကွက်၊
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၉၀၂၄၆၊ ၃၈၀၇၁၀။

၅-၂-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ တရားရုံးချုပ်ရှေ့နေ ဦးအောင်မြင့်နှင့် အထက်တန်းရှေ့နေ ဒေါ်အေးမြတ်မွန်တို့၏အများသိရှိစေရန် ပြန်လည်ကြေညာခြင်းအပေါ်

ထပ်ဆင့်ရှင်းလင်းချေပကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ်(၂၇)နေ ဒေါ်မော်လီနာ ISN-၄၀၂၈၀၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ထပ်ဆင့်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ တရားရုံးချုပ်ရှေ့နေ ဦးအောင်မြင့်နှင့် အထက်တန်းရှေ့နေ ဒေါ်အေးမြတ်မွန်တို့၏ ကြေညာချက်အပိုဒ်(၁)နှင့် (၃)တို့တွင် ဒေါ်မြရွှေ၊ ဦးကျော်ဟိန်းတို့အား ယင်းမြေကွက်နှင့် ပတ်သက်ဆက်နွှယ်မှုရှိကြသော မြေကွက်အား ဥပဒေအရဆက်စပ်ပတ်သက်နေသော-ဟုသာဖော်ပြပါရှိပြီး မြေကွက်၏ တရားဝင်အမည်ပေါက်ပိုင်ရှင်များဖြစ်ကြောင်း ဖော်ပြနိုင်ခြင်းမရှိပါ။

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၄၆/၂၀၀၇ တွင် တရားလို ဒေါ်မြရွှေ၏ အထွေထွေကိုယ်စားလှယ် ဦးကျော်ဟိန်းက ဦးမောင်ပွ ကွယ်လွန်သောအခါ ဒေါ်မြရွှေက ၄င်းသည်တရားဝင်ဇနီးဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်တစ်စုံတစ်ရာကို ယခုရုံးတော်တွင်တင်ပြထားခြင်းမရှိဆိုလျှင် ဒေါ်မြရွှေ အနေဖြင့်တော့မရှိပါ။ -ဟု ၁၁-၈-၂၀၀၈ ရက်ကထွက်ဆိုအစစ်ခံပြီးဖြစ်ပါသည်။ ထို့ပြင် ဦးကျော်ဟိန်းက ဒေါ်မော်လီနာလက်ရှိနေထိုင်သောမြေကွက်မှာ အဆိုပါ မြေကွက်ကြီး၏ မည်သည့်အစိတ်အပိုင်းတွင်တည်ရှိကြောင်းနှင့် မည်မျှကျယ်ဝန်းကြောင်း ရုံးတော်သို့တင်ပြနိုင်ခြင်းမရှိကြောင်းလည်း ထွက်ဆိုခဲ့ပါသည်။

၂။ အထက်ပါတရားမကြီးမှုအမှတ် ၂၄၆/၀၇၏ ၂၆-၃-၂၀၀၉ ရက်စွဲပါ အပြီးသတ်စီရင်ချက်နှင့် ဒီကရီတွင် တရားလိုနှင့် တရားပြိုင်တို့သည် မြေရှင်၊ မြေငှားဆက်သွယ်မှုရှိကြောင်း တရားလိုဘက်မှ သက်သေထင်ရှားခြင်းမရှိသဖြင့် တရားလိုသည် ၄င်းတောင်းဆိုသော သက်သာခွင့်များကို မရထိုက်ကြောင်းငြင်းချက်များကိုဖြေဆိုကာ တရားလို၏အမှုအားပလပ်ခဲ့ပြီးဖြစ်သည့်အပြင် တရားပြိုင်ဒေါ်မော်လီနာနှင့် တရားလိုဒေါ်မြရွှေ၏ အထွေထွေကိုယ်စားလှယ် ဦးကျော်ဟိန်းတို့မှာ ဆန့်ကျင်ဘက်အမှုသည်များဖြစ်သဖြင့် ကန်ထရိုက်တိုက်ဆောက်ရန်စာချုပ်တွင် မြေရှင်နှစ်ဦးမဖြစ်နိုင်ပါ။

၃။ ဒေါ်မော်လီနာနှင့် ခင်ပွန်း ဦးကံဝင်း(ကွယ်လွန်)တို့သည် လွန်ခဲ့သည့် ၁၉၇၄ ခုနှစ်ကပင် နှစ်ပေါင်း (၃၇)နှစ်ခန့်လက်ရှိထားပိုင်ခွင့်(Possessory title)အရ လက်ရှိမြေကွက်ပေါ်၌ နေထိုင်လာသူဖြစ်ရာ ဦးကျော်ဟိန်းအား မြေရှင်အဖြစ် အသိအမှတ်မပြုနိုင်သည့်အပြင် ဦးကျော်ဟိန်းနှင့်တွဲဖက်၍ မြေရှင်အဖြစ်လက်မှတ်မထိုးနိုင်ပါ။

၄။ ဒေါ်မော်လီနာသည် အသက်(၇၇)နှစ်အရွယ်ရှိပြီး ပေါင်တွင်စတီးချောင်းထည့်ထားပြီး မျက်စိမကောင်း၊ အိုမင်းမစွမ်းဖြစ်ကာ သားသမီးမရှိ တစ်ဦးတည်းနေထိုင်သူဖြစ်ပြီး မိမိ၏အမှုအားလိုက်ပေးခဲ့သည့်ရှေ့နေ ဦးမြတ်လှဦးက လာရောက်လက်မှတ်ရေးထိုးခိုင်းသဖြင့် လက်မှတ်များရေးထိုးပေးလိုက်ခြင်းဖြစ်ပါသည်။ ရှေ့နေ ဦးမြတ်လှဦးအား ကန်ထရိုက်တိုက်ဆောက်လုပ်ရန် ကိုယ်စားလှယ်လွှဲစာပေးအပ်ခဲ့ခြင်းလည်းမရှိပါ။ တရားမကြီးမှုအမှတ် ၂၄၆/၀၇ အား ၂၆-၃-၂၀၀၉ ရက်က အပြီးသတ်အမိန့်ချမှတ်ပြီးချိန်မှစ၍ ဦးမြတ်လှဦးမှာ ဒေါ်မော်လီနာ၏ရှေ့နေမဟုတ်တော့ပါ။

၅။ နောက်ပိုင်းတွင် ရှေ့နေဦးမြတ်လှဦးထံမှ စာချုပ်ရရှိသဖြင့် ဖတ်ခိုင်းကြည့်ရာ အသိသက်သေများမှာ ကန်ထရိုက်တာ ဦးအောင်တိုး၏ညီ ဦးအာကာလင်းနှင့် ဦးကျော်ဟိန်းနှင့်လိပ်စာတူ တစ်အိမ်တည်းနေ ဒေါ်အေးအေးမာတို့ဖြစ်ကြောင်းသိရှိရပြီး ဒေါ်မော်လီနာအား လက်မှတ်ထိုးခိုင်းစဉ်က ဒေါ်မော်လီနာနေအိမ်သို့လိုက်ပါလာခြင်းမရှိသဖြင့် ဒေါ်မော်လီနာနှင့်တစ်ချိန်တည်း အသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ခြင်း မဟုတ်မမှန်ပါ။

၆။ ထို့အပြင် စာချုပ်တွင် ကန်ထရိုက်တိုက် ခေါင်းရင်းပထမထပ်နှင့် ဒုတိယထပ် အခန်း(၂)ခန်းအပြင် အလိုက်ငွေကျပ်သိန်း ၁၈၀ကို ဦးကျော်ဟိန်းကရရှိခံစားခွင့်ရှိပြီး ဒေါ်မော်လီနာမှာ ခေါင်းရင်းမြေညီထပ်(၁)ခန်းနှင့် ငွေကျပ်သိန်း ၂၀ ကိုသာ ရရှိမည်ဖြစ်ပြီး ဦးကျော်ဟိန်းမှာ စာချုပ်သည့်ရက်၌ပင် ပထမအရစ်ငွေကျပ်သိန်း ၅၀ကိုလက်ခံရရှိပြီး ဒေါ်မော်လီနာမှာ အိမ်ပြောင်းရွှေ့မှ ငွေကျပ်သိန်း ၂၀ကိုရရှိမည်ဖြစ်ကြောင်း၊ မမျှမတ တစ်ဖက်စောင်းနင်းဖော်ပြချုပ်ဆိုထားရာ ဒေါ်မော်လီနာ ဖတ်ရှုသိရှိပါက မည်သို့မျှ လက်မှတ်ရေးထိုးမည်မဟုတ်ပါ။ အလားတူ ဦးအောင်တိုး၏ ရှေ့နေများကြေညာချက်တွင်လည်း တိုက်ခန်းခွဲဝေမှုနှင့်အလိုက်ငွေခံစားခွင့်မှာ တရားမျှတမှုရှိကြောင်း ဖော်ပြနိုင်ခြင်းမရှိဘဲ တမင်ဖုံးကွယ်ထိမ်ချန်ထားပါသည်။

၇။ ၁၆-၆-၂၀၁၀ ရက်စွဲပါ ကန်ထရိုက်စနစ်ဖြင့် အဆောက်အအုံဆောက်လုပ်ရန် ကတိစာချုပ်မှာ တရားဝင်မှတ်ပုံတင်စာချုပ်မဟုတ်သည့်အပြင် တရားဝင်အမည်ပေါက်မြေပိုင်ရှင်မဟုတ်သူ (ဆန့်ကျင်ဘက်အမှုသည်)အား မြေရှင်အဖြစ် ပူးတွဲဖော်ပြထားပြီး အကျိုးခံစားခွင့်သတ်မှတ်ချက်မှာ တရားမျှတမှုမရှိခြင်း၊ ဒေါ်မော်လီနာ၏ သဘောတူညီချက်မှာ တရားဥပဒေပြဋ္ဌာန်းချက်များနှင့်ပြည့်စုံညီညွတ်မှုမရှိခြင်းများကြောင့် ဒေါ်မော်လီနာဘက်မှ တရားဝင်ပယ်ဖျက်ခွင့်ရှိပါကြောင်းနှင့် ၂၇-၁-၂၀၁၁ ရက်စွဲပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းခြင်းမပြုနိုင်ပါကြောင်း ထပ်ဆင့်ရှင်းလင်းချေပကြေညာအပ်ပါသည်။

ဒေါ်မော်လီနာ၏ လွှဲအပ်ညွှန်ကြားသူ-

ဦးသိန်းမြင့်
B.A(Law), LL.B
တရားရုံးချုပ်ရှေ့နေ(၂၅၄၆)
ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံး၊
အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

အောင်စကြာဓမ္မရိပ်သာ (၂)နာရီတရားစခန်းပွဲ

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက် အောင်စကြာဓမ္မရိပ်သာ၌ (မဟာဓမ္မကထိကဗဟုဇနဟိတဓရ) အောင်စကြာဘဒ္ဒန္တစန္ဒသူရိယ ဆရာတော်သည် ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို အခြေခံမှစ၍ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဖေဖော်ဝါရီ ၂၆ရက်မှ မတ် ၄ရက်အထိ နေ့စဉ် ညနေ ၅နာရီမှ ည ၈နာရီအတွင်း တရားဟော တရားပြ၍ လက်တွေ့(၁)နာရီအားထုတ်ကြရမည်ဖြစ်ရာ မည်သူမဆို ကြွရောက်နိုင်ကြပါသည်။

အောင်စကြာဓမ္မရိပ်သာတည်ဆောက်ခြင်းအတွက် လှူဒါန်းနိုင်

မျက်နှာကြက်(၁၀×၁၀)ပေကို ငွေကျပ် ၁၂သိန်း၊ လှျာထိုးကြမ်းခင်းတစ်ထပ်လုံးကို ငွေကျပ်သိန်း ၂၀၀၊ လှျာထိုးကြမ်းခင်း (၁၀×၁၀)ပေကိုငွေကျပ် ၃၅၀၀၀၀၊ တိုင်တစ်လုံးကို ငွေကျပ် ၁၀ သိန်း၊ (၂၀×၁၅)ပေနံရံတစ်ခန်းကို ငွေကျပ်၂၅ သိန်း၊ စကြံပေါင်းကူးတံတား ငွေကျပ်သိန်း ၉၀၊ မျက်နှာသစ်ရေစင်တစ်ခု ငွေကျပ်ကိုးသိန်းစသည်ဖြင့် လှူဒါန်းနိုင်ပါပြီ။ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀။

မီးသုံးစွဲလျှင် သတိယှဉ် ဆင်ခြင်သတိ အမြဲရှိ

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများ တတိယနေ့ကျင်းပ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သော ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီး၌ သဘောတူညီချက်ရယူ

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ဆောင်ရွက်ရန်အတွက် တိုင်းရင်းသားကိုယ်စားလှယ်အမည်စာရင်း မှတ်တမ်းတင်အတည်ပြုခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၄

ပထမအကြိမ် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးများကို တတိယနေ့အဖြစ် ယနေ့နံနက် ၁၀ နာရီတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆

ပထမအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

ပိတ်ဆို့မှုများသည် မြန်မာပြည်သူလူထု အခြေခံလူတန်းစားများကို မည်သို့မည်ပုံ ထိခိုက်စေခဲ့သည်ကို အနောက်နိုင်ငံမှ ပညာရှင်များ၊ လူအများ လေးစားလောက်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံခြားရေးဌာနမှ တာဝန်ရှိသူများကိုယ်တိုင် ထုတ်ဖော်ခဲ့ပြီးဖြစ်၍ အနောက်ဘက်ကပြောမှ ယုံကြည်နိုင်သောသူများ လက်မခံလိုသည့်တိုင်၊ ငြင်းရခက်နေပေတော့မည်ဟု ထင်မိပါ၏။

ရန်ကြီးအောင်၏ "ပိတ်ဆို့မှုရှင်းတမ်း" ဆောင်းပါး စာ - (၈၊ ၉)